# ကြေးမုံ

The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957


**ကုသိုလ်ကောင်းမှု နေ့စဉ်ပြု**

လိမ္မာသော ပန်းသည်သည် အထူးထူး အပြားပြား များစွာသော ပန်းပွင့်အပေါင်းမှ ပန်းကုံးများစွာတို့ကို ပြုရာသကဲ့သို့၊ (လိမ္မာသော) သူသည် ဥစ္စာတည်းဟူသော ပန်း၊ သဒ္ဓါတရားတည်းဟူသော ပန်းအစုမှ ကျောင်း၊ သင်္ကန်း၊ ဆွမ်း၊ ဆေးစသော များစွာသော ကုသိုလ်ကောင်းမှုတည်းဟူသော ပန်းကုံးတို့ကို ပြုရာ၏။ ပုပ္ဖဝဂ်(ဓမ္မပဒ-၅၃)


၁၃၈၅ ခုနှစ်၊ တန်ခူးလဆန်း ၁ ရက်၊ အင်္ဂါနေ့။ Tuesday, 9 April 2024 ၁၁၄၂၆


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## မြန်မာနိုင်ငံအပေါ် ကုလသမဂ္ဂ၏ တစ်ဖက်သတ် ဖိအားပေးမှုသည် အပြုသဘောဆောင်သော ပူးပေါင်းဆောင်ရွက်မှုအတွက် အထောက်အကူဖြစ်စေမည်မဟုတ်

မကြာသေးမီကာလများအတွင်း ကုလသမဂ္ဂအနေဖြင့် မြန်မာနိုင်ငံအပေါ် ရှုထောင့်မျိုးစုံမှ ဖိအားပေးခဲ့သည်။ ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ တံခါးဖွင့်အစည်းအဝေးတစ်ရပ်ကို နယူးယောက်မြို့၌ ၂၀၂၄ ခုနှစ်၊ ဧပြီလ ၄ ရက်တွင် ပြုလုပ်ခဲ့ပြီး အဆိုပါအစည်းအဝေးတွင် မြန်မာနိုင်ငံ၏ လက်ရှိအခြေအနေကို ဆွေးနွေးခဲ့သည်။

ဂျီနီဗာမြို့၌ ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီ၏ (၅၅) ကြိမ်မြောက် ပုံမှန်အစည်းအဝေးကို ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၆ ရက်မှ ဧပြီလ ၅ ရက်အထိ ကျင်းပခဲ့သည်။ ယင်းအစည်းအဝေးတွင် ကုလသမဂ္ဂလူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီး၏ အပြန်အလှန်ဆွေးနွေးမှုနှင့် မြန်မာနိုင်ငံ လူ့အခွင့်အရေးအခြေအနေဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူ၏ အပြန်အလှန်ဆွေးနွေးမှုတို့ကို မတ်လ ၁ ရက်နှင့် ၁၉ ရက်တို့တွင် အသီးသီးပြုလုပ်ခဲ့သည်။ ထို့အပြင် ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီသည် ဥရောပသမဂ္ဂကိုယ်စား ဘယ်လ်ဂျီယံနိုင်ငံက တင်သွင်းသည့် "မြန်မာနိုင်ငံ လူ့အခွင့်အရေးအခြေအနေ" ခေါင်းစဉ်ပါ ဆုံးဖြတ်ချက်အဆိုကို ဧပြီလ ၄ ရက်တွင် သက်ဆိုင်ရာ မြန်မာနိုင်ငံ မပါဝင်ဘဲ အတည်ပြုချမှတ်ခဲ့သည်။ အဆိုပါ ဆုံးဖြတ်ချက်အဆိုတွင်

**စာမျက်နှာ ၄ ကော်လံ ၁ သို့** ✰

# မိမိသဘောဆန္ဒအလျောက် ဆန္ဒပြုစာရင်းပေးသွင်းလာကြသည့် ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၁) သင်တန်းဖွင့်ပွဲများ တိုင်းစစ်ဌာနချုပ်အသီးသီး၌ ကျင်းပပြုလုပ်



ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၁) သင်တန်းဖွင့်ပွဲ ကျင်းပစဉ်။

**နေပြည်တော် ဧပြီ ၈**

ပြည်သူ့စစ်မှုထမ်းဥပဒေကို ၂၀၁၀ ပြည့်နှစ်၊ နိုဝင်ဘာလတွင် ဥပဒေအမှတ် (၂၇/၂၀၁၀)ဖြင့် ပြဋ္ဌာန်းခဲ့ပြီး ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီ ၁၀ ရက်တွင် ယင်းဥပဒေအား အသက်ဝင်စေခဲ့ကာ မတ် ၉ ရက်မှစ၍ ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ်(၁) တွင် တက်ရောက်ရန်အတွက် ဆင့်ခေါ်ခဲ့ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် လူငယ်များအနေဖြင့် မိမိသဘောဆန္ဒအလျောက် စာရင်းပေးသွင်းလာခဲ့ကြသည်။

ထိုကဲ့သို့ ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၁)တွင် တက်ရောက်ရန်အတွက် မိမိသဘောဆန္ဒအလျောက် စာရင်းပေးသွင်းလာကြသူများ အနက် သင်တန်းတက်ရောက်ရန် အရည်အချင်းကိုက်ညီသူများအား စုဖွဲ့၍ ယနေ့နံနက်ပိုင်းတွင် သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များအလိုက် နယ်မြေခံသင်တန်းကျောင်းများတွင် သင်တန်းဖွင့်ပွဲများ ပြုလုပ်ကြသည်။ **စာမျက်နှာ ၄ ကော်လံ ၁ သို့** ✱


**ယနေ့ ဖတ်စရာ**

**KG+12 စနစ်သစ်နှင့် လိုက်လျောညီထွေမည့် နည်းပညာတက္ကသိုလ်နှင့် ကွန်ပျူတာတက္ကသိုလ်များ၏ သင်ရိုးညွှန်းတမ်းဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ** — စာမျက်နှာ » ၇

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ခြင်းလုပ်ငန်းစဉ်များအကြောင်း သိကောင်းစရာ** — ဆောင်းပါး စာမျက်နှာ » ၈

**သမဝါယမ စာရင်းရေးစာရင်းကိုင် သက်မွေးပညာ သုံးနှစ်သင်တန်းအတွက် သင်ရိုးညွှန်းတမ်းနှင့် သင်ခန်းစာဖော်ထုတ်ရေး အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ** — စာမျက်နှာ » ၁၃

**ဘီးလင်းမြို့နယ်အတွင်း ပဲတီစိမ်းများ လှိုင်လှိုင်ထွက်ပေါ်၍ တောင်သူများ အကျိုးအမြတ်ရရှိ** — ကုန်သွယ်/စီးပွား စာမျက်နှာ » ၁၈

ကြေးမုံ

# စဉ်းစားဆင်ခြင်ဉာဏ်ဖြင့် အမှန်အမှားခွဲခြား

လူတို့သည် ပုထုဇဉ်လူသားများဖြစ်၍ အမှားနှင့်မကင်းနိုင်ပေ။ အမှားပြုလုပ်မိသည်ဆိုရာ၌ မိမိတို့၏ အမှန်မသိနိုင်မှု၊ စဉ်းစားဆင်ခြင်ဉာဏ်နှင့် ခွဲခြားဝေဖန်သုံးသပ်နိုင်စွမ်း အားနည်းမှုတို့ကြောင့်သာ အမှားဖြစ်ကြရသည်။ မျက်မှောက်ကာလတွင် လုပ်မှား၊ ကိုင်မှား၊ ပြောမှား၊ ဆိုမှားဖြစ်လွယ်ကြသည်။ အကြောင်းမှာ လူတို့၏သိလိုမှုအရ လေ့လာရှုမြင်နေကြသည့် လူမှုကွန်ရက်စာမျက်နှာများပေါ်မှ လုပ်ကြံဖန်တီးထားသော အမှားများကြောင့်ဟုဆိုရမည်။

လူတို့၏အကြိုက် စရိုက်သဘောအလိုက် လူမှုကွန်ရက်များသည် အမှားများရှင်သန်ဖွံ့ဖြိုးရာနေရာတစ်ခုဖြစ်နေသည်။ လူတို့၏ အသိဉာဏ်ဆင်ခြင်တုံတရားနည်းပါးလေလေ အမှားများကြီးထွားရှင်သန် ဖွံ့ဖြိုးလေလေဖြစ်နေသည်။ အားလုံးတော့မဟုတ်ပေ။ လူမှုကွန်ရက်စာမျက်နှာများပေါ်တွင် ကောင်းရာကောင်းကြောင်း၊ တိုးတက်ရာတိုးတက်ကြောင်း၊ မှန်ရာမှန်ကြောင်း အကြောင်းအရာများလည်းရှိနေပါသည်။ မှန်ခြင်း၊ မမှန်ခြင်း၊ ကောင်းခြင်း၊ မကောင်းခြင်းတို့သည် လေ့လာရှုမြင်သူတို့၏ သုံးသပ်ဆင်ခြင်နိုင်မှု အနည်းအများပေါ်တွင် အကြောင်းခံပေသည်။

ဤအရာသည် မှားနေပါသည်။ မှန်ကန်ပါသည်ဟု ဘေးမှပြောနေ၍မရပေ။ မိမိကိုယ်တိုင်သာ စဉ်းစားဆင်ခြင်သုံးသပ်နိုင်စွမ်းအပေါ်တွင်မူတည်ပေသည်။ ယခုအခါ လူတို့၏စဉ်းစားဆင်ခြင်နိုင်စွမ်း အားနည်းမှုကိုအခွင့်ကောင်းယူ၍ မသမာသူများ၊ အဖျက်သမားများက လူမှုကွန်ရက်များကိုအသုံးချ၍ တစိုက်မတ်မတ်ထိုးနှက်တိုက်ခိုက်၊ လုပ်ကြံဖန်တီးမှုများပြုလုပ်နေသည်။ အထူးသဖြင့် အကြမ်းဖက်အဖွဲ့၊ လက်ဝေခံမီဒီယာများနှင့် ပြည်ဖျက်မီဒီယာများက ဖြစ်စဉ်ရုပ်များအပေါ်အခြေခံပြီး သတင်းတု၊ သတင်းမှားများ၊ ပုံကြီးချဲ့ကားသတင်းများဖြင့် ပြည်သူလူထုအထင်အမြင်လွဲမှားအောင်၊ ကြောက်ရွံ့စိုးရိမ်မှုဖြစ်လာအောင် ရည်ရွယ်ချက်ရှိရှိ ဖြန့်ဝေနေသည်။

ကမ္ဘာပေါ်တွင် ၂၀၂၄ ခုနှစ် နောက်ဆုံးစာရင်းများအရ ဆိုရှယ်မီဒီယာ အသုံးပြုသူဦးရေသည် ၅ ဒသမ ၁၇ ဘီလီယံရှိသည်ဟု သိရသည်။ အရေအတွက်အားဖြင့် ကမ္ဘာ့လူဦးရေ၏ ၆၃ ဒသမ ၈၂ ရာခိုင်နှုန်းရှိသည်။ ယင်းတို့တွင် ဖေ့စ်ဘွတ်အသုံးပြုသူဦးရေသည် ၃ ဒသမ ၀၅ ဘီလီယံရှိသဖြင့် အသုံးအများဆုံး ဆိုရှယ်မီဒီယာပလက်ဖောင်းတစ်ခုဖြစ်သည်။ မြန်မာနိုင်ငံတွင်လည်း ဆိုရှယ်မီဒီယာအသုံးပြုမှုသည် နိုင်ငံလူဦးရေနှင့်ယှဉ်လျှင် အဆိုပါအချိုးအစားအတိုင်းဖြစ်သည်။ မျက်မြင်တွင် လူအများစုသည် စမတ်ဖုန်းများကိုင်ဆောင်ထားကြပြီး အားလုံးသည် ဆိုရှယ်မီဒီယာနှင့်ဖေ့စ်ဘွတ်ကို အသုံးပြုကြသည်။ ကလေးသူငယ်နှင့် အချို့လူများမှာ အသုံးမပြုကြပေ။

ဆိုရှယ်မီဒီယာများကို စတင်တည်ထောင်စဉ်က လူသားများကောင်းကျိုးအတွက် ရည်ရွယ်ပြီး ဖန်တီးထားခြင်းဖြစ်သည်။ သို့သော် လောကတွင် ကောင်းကျိုးနှင့် ဆိုးကျိုးတို့သည် အတူယှဉ်တွဲ ဒွန်တွဲပါလာတတ်သဖြင့် ဆိုရှယ်မီဒီယာများပေါ်တွင် ကောင်းသောအမှုကိစ္စဆောင်ရွက်ချက်များကို တွေ့မြင်ရသည်ရှိသလို သတင်းတု၊ သတင်းမှား၊ အလိမ်အညာလှည့်ဖျား၊ လုပ်ကြံဖန်တီးမှုများ ဝင်ရောက်လာသည်ကို တွေ့မြင်နေရသည်။ ဆိုရှယ်မီဒီယာများပေါ်တွင် သတင်းစီးဆင်းမှုသည် လျင်လျင်မြန်မြန် ရောက်ရှိနိုင်သဖြင့် ပြည်သူလူထုကြားသို့ အကြောင်းကိစ္စတစ်ခုသည် ချက်ချင်းပျံ့နှံ့ရောက်ရှိနိုင်သည်။

တစ်ဦးနှင့်တစ်ဦး မည်မျှအနေဝေးသော်လည်း သတင်းအချက်အလက်များ၊ ဓာတ်ပုံများ၊ အသံများ၊ လှုပ်ရှားမှုဗီဒီယိုဖိုင်များ အချိန်မဆိုင်းဘဲ ချက်ချင်းရောက်လာသဖြင့် မှန်ကန်အကျိုးရှိသော အချက်အလက်များကို အလွယ်တကူရရှိသဖြင့် ပြည်သူများ အကျိုးများကြသည်။ မမှန်ကန်သောသတင်းများ၊ ကောလာဟလသတင်းများ၊ လုပ်ကြံဖန်တီးပုံဖျက်ထားသော အချက်အလက်များလည်း ချက်ချင်းရရှိနိုင်သဖြင့် မှားယွင်းသောအသိအမြင်၊ မမှန်ကန်သော ဆုံးဖြတ်သုံးသပ်ချက်များလည်း ချက်ချင်းချမိတတ်ကြသည်။ အကျိုးဆက်အနေဖြင့် မှန်ကန်ကောင်းမွန်သော အချက်အလက်များအတွက် အကျိုးများကြသလို မှားယွင်းသောအချက်အလက်များကြောင့် နောက်ဆက်တွဲ အကျိုးမများသည့် အခြေအနေများဖြစ်ပေါ်လာတတ်သည်။

အမှန်တကယ်တွင် လူမှုကွန်ရက်စာမျက်နှာများသည် ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ အလုပ်အကိုင် စသည့်အကျိုးများစွာဖြစ်ထွန်းသည့် ပလက်ဖောင်းတစ်ခုဖြစ်သည်။ ပြည်သူအများ စိတ်လက်ပျော်ရွှင်ပေါ့ပါးစေရန်အတွက် စိတ်ခံစားမှုအမျိုးမျိုးပေးစွမ်းနိုင်သည့်နေရာတစ်ခုဖြစ်သည်။ သို့သော် နိုင်ငံရေးအရအမြတ်ထုတ်နိုင်ရန်အတွက် အသုံးချခံအဖြစ် ဖန်တီးနေမှုများကို သတိထားရမည်ဖြစ်သည်။ မိမိအတွက်လည်း အကျိုးမများ၊ အများပြည်သူအတွက်လည်း အကျိုးမရှိသည့် လုပ်ကြံဖန်တီးမှုများကို သတိပြုကြရမည်ဖြစ်သည်။ လူမှုကွန်ရက်စာမျက်နှာများပေါ်တွင် နေ့စဉ်ပေါ်ထွက်လာသည့် အချက်အလက်အကြောင်းအရာများကို ဆင်ခြင်ဉာဏ်အားဖြင့် လေ့လာကြည့်ရှုကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ လူမှုကွန်ရက်စာမျက်နှာများသည် လူသားကောင်းကျိုးဖြစ်ထွန်းရေးအတွက် ရည်ရွယ်ချက်ကောင်းများဖြင့် တည်ဆောက်ပေးထားသည်ဖြစ်ရာ မိမိအတွက်၊ မိမိလူ့ဘောင်အဖွဲ့အစည်းအတွက် ကောင်းကျိုးဖြစ်ထွန်းမှုများကို ဆောင်ကြဉ်းပြီး မိမိအတွက်၊ မိမိလူ့ဘောင်အဖွဲ့အစည်းအတွက် ကောင်းကျိုးမဖြစ်ထွန်းသော သတင်းတု၊ သတင်းမှား၊ အဖျက်အမှောင့်သတင်းများကို အသိဉာဏ်၊ ဆင်ခြင်ဉာဏ်များဖြင့် ရှောင်ရှားကြရန် တိုက်တွန်းနှိုးဆော်အပ်ပါကြောင်း။ ။

## ပါဠိပထမပြန်စာမေးပွဲ ဆဌနေ့ ကျင်းပ

နေပြည်တော် မေ ၈

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက ကြီးမှူး၍ နှစ်စဉ်ကျင်းပသော ၂၀၂၄ ခုနှစ် ပါဠိပထမပြန်စာမေးပွဲကို ယနေ့ (ဆဌနေ့) နိုင်ငံတစ်ဝန်းရှိ စာဖြေဌာန ၂၁၆ ဌာနတို့၌ စာဖြေစာရင်းသွင်း ၁၅၉၃၄ ပါး/ဦးအနက် ၁၂၉၅၁ ပါး/ဦး ဖြေဆိုကြသဖြင့် ၈၁ ဒသမ ၂၈ ရာခိုင်နှုန်း ဖြေဆိုကြကြောင်း သာသနာရေးဦးစီးဌာနမှ သိရသည်။ **သတင်းစဉ်**

## လှည်းကူးမြို့နယ်တွင် အစိုးရပါဠိပထမပြန်စာမေးပွဲ ပဉ္စမနေ့ ဆက်လက်ဖြေဆို



လှည်းကူး မေ ၈

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ်၌ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန မြို့နယ်သာသနာရေးဦးစီးဌာနမှ ကြီးမှူးကျင်းပသော ၂၀၂၄ ခုနှစ် အစိုးရပါဠိပထမပြန်စာမေးပွဲကို သာသနာ့ရိပ်သာရပ်ကွက် နိဗ္ဗာန်ဆိပ်ဦးသာသနာ့ဗိမာန်တော်ကြီး စာဖြေဌာန၌ ယမန်နေ့ မွန်းတည့် ၁၂ နာရီမှ ညနေ ၃ နာရီအထိ ပဉ္စမနေ့အဖြစ် ဆက်လက်ကျင်းပခဲ့သည်။

### ၃၁၄ ပါး ဝင်ရောက်ဖြေဆို

အဆိုပါ အစိုးရပါဠိပထမပြန်စာမေးပွဲတွင် လှည်းကူးမြို့နယ် စာစစ်ဌာနမှ ပထမကြီးတန်း ၄၃ ပါး၊ ပထမလတ် ၄၉ ပါး၊ ပထမငယ်တန်း ၂၂၂ ပါး စုစုပေါင်း ၃၁၄ ပါး ဝင်ရောက်ဖြေဆိုကြပြီး စာမေးပွဲဖြေဆိုရာသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးရဲထွန်းနောင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်သာသနာရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ ဌာနဆိုင်ရာများ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များက အစိုးရပါဠိပထမပြန်စာမေးပွဲ ဖြေဆိုသည့်ကာလအတွင်း အဆင်ပြေ အေးချမ်းစွာ ဖြေဆိုနိုင်ရေးအတွက် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကြောင်း သိရသည်။

**မြင့်ဦး**

## ဓာတ်ခွဲနမူနာစုစုပေါင်း ၂၇၀၉၄ ခု စစ်ဆေးပြီးစီး
## ကိုဗစ် - ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၃၉ ဦးတွေ့ရှိ

**ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ အပတ်စဉ် သတင်းထုတ်ပြန်ချက် (၈-၄-၂၀၂၄) ရက်နေ့၊ ည (၈:၀၀) နာရီ**

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိရာ (၃၀-၃-၂၀၂၄) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၇-၄-၂၀၂၄) ရက်နေ့၊ ည (၈:၀၀) နာရီအထိ ရက်သတ္တပတ်အတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၂၇,၀၉၄) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၃၉) ဦး တွေ့ရှိရသည်။ ထို့ကြောင့် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ (၀.၁၄) ရာခိုင်နှုန်း ဖြစ်ပါသည်။ အစီရင်ခံကာလအတွင်း ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိပါ။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၈-၄-၂၀၂၄

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၄၀၀ | ၈,၃၀၀ | ၉၁၄ | ၇,၆၂၉,၀၀၀ |
| MTSH | ၂,၈၅၀ | ၂,၈၅၀ | ၁,၄၅၇ | ၄,၁၆၀,၂၀၀ |
| MCB | ၇,၉၀၀ | ၇,၉၀၀ | ၅ | ၃၉,၅၀၀ |
| FPB | ၁,၅၀၀ | ၁,၅၀၀ | ၂၀၀ | ၃၀၀,၀၀၀ |
| TMH | ၂,၆၀၀ | ၂,၆၀၀ | ၁၈၀ | ၄၆၈,၀၀၀ |
| EFR | ၁,၇၅၀ | ၁,၇၀၀ | ၂၃၀ | ၃၉၂,၅၀၀ |
| AMATA | ၄,၆၀၀ | ၄,၆၀၀ | ၂၁ | ၉၆,၆၀၀ |
| MAEX | ၁,၈၀၀ | ၂,၀၅၀ | ၂,၁၁၁ | ၄,၃၀၄,၈၀၀ |

**ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။**

ကြေးမုံ

**စာတည်းမှူးချုပ်** - ဦးစိုးစိုးနိုင်
**စာတည်းမှူး** - ဦးဝင်းနိုင်
**စာတည်းများ** - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
**ဘာသာပြန်** - ဦးနိုင်လင်းကြည်၊
**စာတည်းများ** ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
**အကြီးတန်း သတင်းထောက်များ** - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဠ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
**အငယ်တန်း သတင်းထောက်များ** - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
**သုတေသန** - ဒေါ်ဇင်မာဝင့်
**စာပြင်** - ဒေါ်ခိုင်သန္တာရွှေနှင့်အဖွဲ့
**စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** - ဒေါ်နွယ်နွယ်ထွန်းနှင့်အဖွဲ့
**အီးမေးလ်နှင့် အွန်လိုင်း** - ဦးစိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

## ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ ဥရောပအာရှစီးပွားရေးကော်မရှင် ဘုတ်အဖွဲ့ဝင်၊ အကြီးစားစီးပွားရေးနှင့် ပေါင်းစည်းရေးဝန်ကြီး မစ္စတာ ဆာဂေး ဂလေးဇီးယပ် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ



နေပြည်တော် ဧပြီ ၈

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် ဥရောပအာရှစီးပွားရေးကော်မရှင် ဘုတ်အဖွဲ့ဝင်၊ အကြီးစားစီးပွားရေးနှင့် ပေါင်းစည်းရေးဝန်ကြီး မစ္စတာ ဆာဂေး ဂလေးဇီးယပ်ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့် ဥရောပအာရှစီးပွားရေးသမဂ္ဂအဖွဲ့ဝင်နိုင်ငံတို့အကြား ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှု၊ စီးပွားရေးလုပ်ငန်းအချင်းချင်း ပူးပေါင်းဆောင်ရွက်ရေး၊ ပြည်သူအချင်းချင်းထိတွေ့ဆက်ဆံရေးစသည်တို့တွင် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ရေးနှင့်ပတ်သက်၍ ဆွေးနွေးခဲ့ကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံခြားရေးဝန်ကြီးဌာနမှ အဆင့်မြင့်အရာရှိကြီးများနှင့် မစ္စတာ ဆာဂေး ဂလေးဇီးယပ် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ဝင်များ တက်ရောက်ကြသည်။ **သတင်းစဉ်**



## ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန် ဥရောပ-အာရှ စီးပွားရေးကော်မရှင် ဘုတ်အဖွဲ့ဝင်၊ အကြီးစားစီးပွားရေးနှင့် ပေါင်းစည်းရေးဝန်ကြီး မစ္စတာ ဆာဂေး ဂလေးဇီးယပ်ကို လက်ခံတွေ့ဆုံ

နေပြည်တော် ဧပြီ ၈

ဒုတိယဝန်ကြီးချုပ်နှင့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်သည် ဥရောပ-အာရှ စီးပွားရေးကော်မရှင် ဘုတ်အဖွဲ့ဝင်၊ အကြီးစားစီးပွားရေးနှင့် ပေါင်းစည်းရေးဝန်ကြီး မစ္စတာ ဆာဂေး ဂလေးဇီးယပ်ကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာ-ရုရှား နှစ်နိုင်ငံအကြား ဘဏ္ဍာရေးနှင့် အကောက်ခွန်ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များ၊ ကုန်သွယ်ရေးနှင့် ငွေပေးချေမှုဆိုင်ရာကိစ္စရပ်များနှင့် လူ့စွမ်းအားအရင်းအမြစ်တိုးတက်လာရေးအတွက် သင်တန်းများနှင့် ဆွေးနွေးပွဲများ ကျင်းပပေးနိုင်ရေးဆိုင်ရာ ကိစ္စရပ်များကို ညှိနှိုင်းဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းနှင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ ဥရောပ-အာရှ စီးပွားရေးကော်မရှင်မှကိုယ်စားလှယ်များ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် ကုန်သွယ်ရေးဝန်ကြီးဌာနတို့မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ရုရှား-မြန်မာ စီးပွားရေးကောင်စီမှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင် ဥရောပအာရှစီးပွားရေးကော်မရှင် ဘုတ်အဖွဲ့ဝင်၊ အကြီးစားစီးပွားရေးနှင့် ပေါင်းစည်းရေးဝန်ကြီးနှင့်အဖွဲ့အား တွေ့ဆုံ



နေပြည်တော် ဧပြီ ၈

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်သည် ယနေ့နံနက်ပိုင်းတွင် ဥရောပအာရှစီးပွားရေးကော်မရှင်ဘုတ်အဖွဲ့ဝင်၊ အကြီးစားစီးပွားရေးနှင့် ပေါင်းစည်းရေးဝန်ကြီး မစ္စတာ ဆာဂေး ဂလေးဇီးယပ်နှင့် အဖွဲ့အား ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

**ဆွေးနွေး**

နှစ်ဖက်ဆွေးနွေးရာတွင် ရုရှားနိုင်ငံမှ ထုတ်လုပ်သည့် ဓာတ်မြေဩဇာများကို မြန်မာနိုင်ငံသို့ တိုက်ရိုက်တင်ပို့နိုင်ရေးနှင့် မြန်မာနိုင်ငံ၏ ဓာတ်မြေဩဇာတင်သွင်းမှု ဆိုင်ရာလုပ်ငန်းစဉ်များ၊ မြန်မာနိုင်ငံ၏ ဆန်၊ ကော်ဖီ၊ သစ်သီးဝလံများနှင့် စိုက်ပျိုးရေးထွက်ကုန်များ၊ ရေထွက်ကုန်များအပေါ် ဥရောပအာရှ စီးပွားရေးသမဂ္ဂ(EAEU)အဖွဲ့ဝင်နိုင်ငံများ၏ ဈေးကွက်လိုအပ်ချက်နှင့် မြန်မာ-ရုရှား နှစ်နိုင်ငံအကြား ညှိနှိုင်းဆောင်ရွက်ထားရှိမှု၊ ကော်ဖီ၊ ဆီထွက်သီးနှံအပါအဝင် စိုက်ပျိုးထုတ်လုပ်ခြင်းကို မြန်မာနိုင်ငံ၌ လာရောက်ရင်းနှီးမြှုပ်နှံ လုပ်ကိုင်နိုင်မှု အခွင့်အလမ်းများ၊ Myanmar GAP ထုတ်ကုန်တစ်ခုဖြစ်သည့် ကော်ဖီကို(EAEU)နိုင်ငံများသို့ တင်ပို့ရောင်းချပေးနိုင်ရေးဆိုင်ရာကိစ္စရပ်များ၊ ဆီထွက်သီးနှံနှင့် ဝါသီးနှံ မျိုးကောင်းများ အသုံးပြုနိုင်ရေး၊ သဘာဝမြေဩဇာ ထုတ်လုပ်မှုနှင့် နည်းပညာ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များ၊ အာလူးမျိုးကောင်းမျိုးသန့် ထုတ်လုပ်မှု နည်းပညာမျှဝေဖလှယ် ဆောင်ရွက်သွားမည့် အခြေအနေများ၊ မြန်မာနိုင်ငံ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်နှင့် နည်းပညာပူးပေါင်းဆောင်ရွက်နိုင်ရေးဆိုင်ရာကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်နှင့် ဥရောပအာရှစီးပွားရေးကော်မရှင်ဘုတ်အဖွဲ့ဝင်၊ အကြီးစားစီးပွားရေးနှင့် ပေါင်းစည်းရေးဝန်ကြီး မစ္စတာ ဆာဂေး ဂလေးဇီးယပ်တို့သည် အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန် လဲလှယ်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## ဟသ်ာတခရိုင် ပြန်/ဆက်ဦးစီးဌာန၌ သတင်းဗီဒီယိုရိုက်ကူးတည်းဖြတ်ခြင်းသင်တန်း ဖွင့်လှစ်

ဟသ်ာတ ဧပြီ ၈

ဧရာဝတီတိုင်း ဒေသကြီး ဟသ်ာတခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး လူထုအခြေပြုဗဟိုဌာန ခန်းမ၌ သတင်းဗီဒီယို ရိုက်ကူးတည်းဖြတ်ခြင်း စာတွေ့၊ လက်တွေ့ သင်တန်းကို ယနေ့နံနက် ၉ နာရီက အဆိုပါနေရာ၌ ကျင်းပသည်။



သင်တန်းဖွင့်ပွဲ အခမ်းအနားတွင် ဧရာဝတီတိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန တိုင်းဦးစီးမှူး ကိုယ်စား ဟသ်ာတခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးမှူး ဒေါ်ခင်စန္ဒာဆွေက သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များ၊ ဖွင့်လှစ်သင်ကြားပေးမည့် ဘာသာရပ်များကို ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် သင်တန်းကို ဘာသာရပ်များအလိုက် သက်ဆိုင်ရာ နည်းပြများက သတင်းရိုက်ကူးရာတွင် ဆောင်ရန်၊ ရှောင်ရန်များ၊ သတင်းဆောင်းပါးရေးသားနည်း၊ သတင်းအရင်းအမြစ် ရှာဖွေခြင်းနှင့် သတင်းလိုက်ခြင်း၊ မီဒီယာနှင့် သတင်းအချက်အလက် ဆိုင်ရာ သိနားလည်မှု၊ သတင်းအခြေခံ တည်ဆောက်ပုံနှင့် သတင်းရေးသားနည်း၊ ဗီဒီယိုရိုက် ကူး၊ တည်းဖြတ်နည်း စသည်တို့ကို သင်ကြားပို့ချပေးခဲ့သည်။

အဆိုပါ သင်တန်းသို့ ဟသ်ာတ၊ မြန်အောင်၊ ကြံခင်း၊ အင်္ဂပူ၊ ဇလွန်၊ လေးမျက်နှာ မြို့နယ်ရုံးများမှ ဓာတ်ပုံကျွမ်းကျင် ဝန်ထမ်းများ၊ ရုပ်သံကျွမ်းကျင် ဝန်ထမ်းများ၊ သတင်းလုပ်ငန်း ဆောင်ရွက်နေသည့် ဝန်ထမ်းများ တက်ရောက်ခဲ့ကြပြီး သင်တန်းကို သုံးရက်ကြာ စာတွေ့၊ လက်တွေ့ သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

## နောက်နှစ်ရက်အတွက် ခန့်မှန်းချက်

နေပြည်တော် ဧပြီ ၈

စစ်ကိုင်းတိုင်း ဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ တနင်္သာရီ တိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးထစ်ချုန်းရွာနိုင်သည်။

**မိုး/ဇလ**

☆ **မြန်မာနိုင်ငံမှ**

မြန်မာနိုင်ငံ၏ လူ့အခွင့်အရေးနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာကိစ္စများနှင့်ပတ်သက်၍ အခြေအမြစ်မရှိသည့် တစ်ဖက်သတ်စွပ်စွဲ ဖော်ပြချက်များ ပါဝင်သည်ကို တွေ့ရှိရသည်။

နိုင်ငံတော်အစိုးရအနေဖြင့် စိန်ခေါ်မှုများ ရှိသော်လည်း နိုင်ငံတော်တည်ငြိမ်ရေး၊ တရားဥပဒေ စိုးမိုးရေး၊ သာယာဝပြောရေးနှင့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ စနစ်တကျ ကျင်းပနိုင်ရေးတို့အတွက် ဆက်လက်ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ လူသားချင်းစာနာထောက်ထားမှု အကူအညီများပေးအပ်ရေးနှင့်ပတ်သက်၍လည်း လိုအပ်သူများထံ အချိန်နှင့်တစ်ပြေးညီပေးပို့နိုင်ရေး အလေးထားဆောင်ရွက်လျက်ရှိသည်။ မြန်မာနိုင်ငံတစ်ဝန်း၌ ကုလသမဂ္ဂအဖွဲ့အစည်း ၁၆ ဖွဲ့၏ရုံးခွဲများ ဖွင့်လှစ်ထားရှိသည်။ ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီလအထိ ရရှိသော စာရင်းများအရ မြန်မာနိုင်ငံရှိ ကုလသမဂ္ဂအဖွဲ့အစည်းများ၌ နိုင်ငံခြားသားဝန်ထမ်း ၁၃၀ ကျော်၊ ပြည်တွင်းခန့်ဝန်ထမ်း ၁၆၀၀ ခန့် အပါအဝင်ဝန်ထမ်းစုစုပေါင်း ၁၇၀၀ ကျော်လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံအနေဖြင့် အာဆီယံလူသားချင်းစာနာထောက်ထားမှု အကူအညီပေးရေးညှိနှိုင်းမှုဗဟိုဌာန (AHA Centre)၊ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော နိုင်ငံတကာအဖွဲ့အစည်းများနှင့် အလှူရှင်နိုင်ငံများ၏ သံရုံးများကို မြေပြင်လုံခြုံရေးအခြေအနေပေါ်မူတည်၍ ခရီးသွားရောက်ခွင့်ပြုခဲ့သည်။ လွန်ခဲ့သော သုံးနှစ်အတွင်း အစိုးရအနေဖြင့် ကုလသမဂ္ဂအဖွဲ့အစည်းများနှင့် အစိုးရမဟုတ်သော နိုင်ငံတကာအဖွဲ့အစည်းများအား နိုင်ငံတစ်ဝန်း ခရီးသွားလာခွင့် အကြိမ် ၁၀၀၀ ကျော်နှင့် မြန်မာနိုင်ငံအခြေစိုက် သံရုံးများအား အကြိမ် ၆၀ ကျော် ခွင့်ပြုခဲ့သည်။ အထူးသဖြင့် ၂၀၂၃ ခုနှစ်အတွင်း ရခိုင်ပြည်နယ်တစ်ခုတည်းအတွက် ကုလသမဂ္ဂ အဖွဲ့အစည်းများအား စုစုပေါင်း အကြိမ် ၂၅၀ ခန့်နှင့် အစိုးရမဟုတ်သော နိုင်ငံတကာအဖွဲ့အစည်းများအား အကြိမ် ၃၀၀ ကျော် ခရီးသွားလာခွင့်ပြုခဲ့သည်။ သို့ဖြစ်ရာ ကုလသမဂ္ဂ၏ အစီရင်ခံစာအချို့နှင့် သတင်း ထုတ်ပြန်ချက် အချို့တွင် အလေးပေးထားသည့် သွားလာခွင့်ငြင်းပယ်ခံရကြောင်း ဖော်ပြချက်များမှာ အခြေအမြစ်မရှိကြောင်း အတိအလင်း ဖော်ပြလိုသည်။

ထို့အပြင် မြန်မာအစိုးရအနေဖြင့် ကုလသမဂ္ဂဘက်မှ အဆင့်မြင့်အရာရှိကြီးများ၏ အဆိုပြုခရီးစဉ်များကို ညှိနှိုင်းပေးခဲ့သည်။ လွန်ခဲ့သည့် သုံးနှစ်တာကာလအတွင်း ကုလသမဂ္ဂ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ညှိနှိုင်းရေးရုံး၏ Under–Secretary–General နှင့် ကုလသမဂ္ဂ ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် လုံခြုံရေးဌာန၏ Under–Secretary–General တို့၏ခရီးစဉ်များ အပါအဝင် ကုလသမဂ္ဂနှင့် နိုင်ငံတကာအဖွဲ့အစည်းများမှ အဆင့်မြင့်အရာရှိကြီးများ၏ ခရီးစဉ် စုစုပေါင်း ၁၉ ခုကို ညှိနှိုင်းပေးခဲ့သည်။

မြန်မာနိုင်ငံအနေဖြင့် ရခိုင်ပြည်နယ်ရှိ နေရပ်စွန့်ခွာသူများကို နှစ်နိုင်ငံသဘောတူညီချက်များနှင့်အညီ ပြန်လည်လက်ခံနိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး စိစစ်ပြီးနေရပ်စွန့်ခွာသူများကို ပြန်လည်လက်ခံရန်အသင့်ရှိသည်။ မြန်မာနိုင်ငံအစိုးရအနေဖြင့် ပြန်လည်လက်ခံရေးလုပ်ငန်းစဉ်နှင့်ပတ်သက်၍ အပြည့်အဝ ကတိကဝတ်ပြုဆောင်ရွက်လျက်ရှိသည်။ လတ်တလောတွင် ပြန်လည်လက်ခံရေးလုပ်ငန်းစဉ်ကို မစတင်နိုင်သေးခြင်းမှာ ရခိုင်ပြည်နယ်၏ လက်ရှိလုံခြုံရေးအခြေအနေများကြောင့် ဖြစ်သည်။

နိုင်ငံတစ်နိုင်ငံကို ဦးတည်သည့် ဆွေးနွေးမှုများ၊ ဆုံးဖြတ်ချက်အဆိုများနှင့် လုပ်ပိုင်ခွင့်များ၊ ၎င်းတို့၏နောက်ဆက်တွဲ အပြန်အလှန် ဆွေးနွေးမှုများသည် သက်ဆိုင်ရာနိုင်ငံနှင့် နိုင်ငံတကာ အသိုက်အဝန်းတို့အကြား ဓမ္မဓိဋ္ဌာန်ကျသော အစီရင်ခံမှု၊ အပြုသဘောဆောင်သော ဆွေးနွေးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုတို့ဖြစ်ပေါ်ရေးကို အထောက်အကူမပြုရုံသာမက ကုလသမဂ္ဂ၏ အခြေခံမူများဖြစ်သည့် သမာသမတ်ကျမှု၊ ဓမ္မဓိဋ္ဌာန်ကျမှု၊ ရွေးချယ်မဆောင်ရွက်မှုတို့နှင့် ဆန့်ကျင်နေခြင်းကြောင့် မြန်မာနိုင်ငံအနေဖြင့် ယင်းတို့ကို အစဉ်တစိုက်ဆန့်ကျင်သည်။ သို့ဖြစ်ရာ ဥရောပသမဂ္ဂကိုယ်စား ဘယ်လ်ဂျီယံနိုင်ငံက တင်သွင်းခဲ့သည့် ဆုံးဖြတ်ချက်အဆိုကို မြန်မာနိုင်ငံအနေဖြင့် ပြတ်သားစွာ ခြွင်းချက်မရှိပယ်ချလိုက်သည်။ မြန်မာအစိုးရအနေဖြင့် ဆွေးနွေးမှုများအတွင်း မျှတစွာရပ်တည်ပေးခဲ့သည့် ခင်မင်ရင်းနှီးသော နိုင်ငံများကို အသိအမှတ်ပြုကျေးဇူးတင်သည်။

ကုလသမဂ္ဂအတွင်းရေးမှူးချုပ်က ယခင်ဩစတြေးလျ နိုင်ငံခြားရေးဝန်ကြီးဟောင်း မစ္စ ဂျူလီဘစ်ရှော့ပ်အား ၎င်း၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ်အဖြစ် ခန့်အပ်ကြောင်း ၂၀၂၄ ခုနှစ်၊ ဧပြီလ ၅ ရက်တွင် ကြေညာခဲ့သည်။

မြန်မာနိုင်ငံအနေဖြင့် အထူးကိုယ်စားလှယ်ခန့်အပ်နိုင်ရေး လုပ်ပိုင်ခွင့် ပါဝင်သော ဆုံးဖြတ်ချက်အဆို အပါအဝင် နိုင်ငံတစ်နိုင်ငံအပေါ် အရေးယူပစ်မှတ်ထားသည့် ဆုံးဖြတ်ချက် အဆိုများကို လက်မခံဘဲပယ်ချသော်လည်း ကုလသမဂ္ဂနှင့် အပြုသဘော ပူးပေါင်းဆောင်ရွက်မှုကို ပြသသည့်အနေဖြင့် ယခင်အထူးကိုယ်စားလှယ်များနှင့် ပူးပေါင်းဆောင်ရွက်မှုများရှိခဲ့သည်။ ယခု မစ္စ ဂျူလီဘစ်ရှော့ပ်အား အထူးကိုယ်စားလှယ်အဖြစ် ခန့်အပ်ခဲ့မှုနှင့် ပတ်သက်၍ ကုလသမဂ္ဂဘက်က မြန်မာအစိုးရအား တရားဝင် အသိပေးအကြောင်းကြားမှု မရှိခဲ့ကြောင်း ဖော်ပြအပ်သည်။

ကုလသမဂ္ဂနှင့် မြန်မာနိုင်ငံတို့အကြား ပူးပေါင်းဆောင်ရွက်ရာတွင် တစ်ဖက်သတ် ဖိအားပေးမှုများသည် အပြုသဘောဆောင်သော ပူးပေါင်းဆောင်ရွက်မှုများအတွက် အထောက်အကူ ပြုမည်မဟုတ်ကြောင်း၊ အချင်းချင်းနားလည်မှု၊ လေးစားမှုနှင့် အပြန်အလှန် ထိတွေ့ဆောင်ရွက်မှုတို့မှတစ်ဆင့်သာ လက်တွေ့ကျ၍ အပြုသဘောဆောင်သော ပူးပေါင်းဆောင်ရွက်မှုဖြစ်မည်ဖြစ်ကြောင်း အလေးထားဖော်ပြအပ်သည်။

**နိုင်ငံခြားရေးဝန်ကြီးဌာန**
**၂၀၂၄ ခုနှစ်၊ ဧပြီလ ၈ ရက်**

✻ **ရှေ့ဖုံးမှ**

အဆိုပါ သင်တန်းဖွင့်ပွဲများတွင် သက်ဆိုင်ရာ သင်တန်းကျောင်းအလိုက် ကျောင်းအုပ်ကြီးများက သင်တန်းဖွင့် အမှာစကားများ ပြောကြားပြီး တိုင်းဒေသကြီးနှင့် ပြည်နယ် ဝန်ကြီးချုပ်များ၊ တိုင်းမှူးများနှင့် တာဝန်ရှိသူများက ဖွင့်ပွဲသို့ တက်ရောက်အားပေးချီးမြှင့်ကြကာ သင်တန်းသားများအား တစ်ဦးချင်း ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။

သင်တန်းဖွင့်ပွဲများ အပြီးတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ တိုင်းမှူးများနှင့် တာဝန်ရှိသူများသည် သင်တန်းကျောင်းခန်းမများ၌ ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ်(၁)မှ သင်တန်းသားများအား တွေ့ဆုံ အမှာစကားပြောကြားကာ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့မှ တာဝန်ရှိသူများက သင်တန်းသားများအတွက် ထောက်ပံ့ချီးမြှင့်ငွေများ ပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူကြသည်။ ထို့နောက် တိုင်းမှူးများနှင့် တာဝန်ရှိသူများသည် ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ်(၁)တွင် တက်ရောက်ကြမည့် သင်တန်းသားများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြသည်။

နိုင်ငံတော်တွင် နိုင်ငံသားတိုင်းအနေဖြင့် ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသည့် ဒို့တာဝန်အရေးသုံးပါးကို စောင့်ထိန်းရန် တာဝန်ရှိကြပြီး ယင်းတာဝန်များကို ထမ်းဆောင်ရန်အတွက် စစ်ပညာသင်ကြားရန်နှင့် နိုင်ငံတော်ကာကွယ်ရေးအတွက် စစ်မှုထမ်းဆောင်နိုင်ရန် ပြည်သူ့စစ်မှုထမ်း ဥပဒေကို ပြဋ္ဌာန်းခဲ့ရခြင်း ဖြစ်သည်။ ယနေ့တွင် ဖွင့်လှစ်လိုက်သည့် ပြည်သူ့ စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၁)မှ သင်တန်းသားများအနေဖြင့် ယင်းတာဝန်များကို ထမ်းဆောင်ရန်အတွက် မိမိသဘောဆန္ဒအလျောက် စာရင်းပေးသွင်းလာခဲ့ကြသူများ ဖြစ်ကြပြီး နိုင်ငံ့သားကောင်း လူငယ်များအဖြစ် နိုင်ငံ့တာဝန်များကို လေးစားဂုဏ်ယူစွာဖြင့် ထမ်းဆောင်ကြတော့မည်ဖြစ်ကာ ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ်(၁)မှ သင်တန်းသားများနှင့် တာဝန်ရှိသူများ၏ စကားသံများကိုလည်း ယခုလိုပဲ ကြားသိရပါသည်-

“ကျွန်တော်တို့ ဒီပြည်သူ့စစ်မှုထမ်း မွမ်းမံသင်တန်း စတင်ဖွင့်လှစ်မယ်ဆိုတဲ့ အခါမှာ ကျွန်တော်တို့ နည်းပြတွေ စပြီးတော့ စုဖွဲ့ရပါတယ်။ စုဖွဲ့ပြီးတဲ့ အခါမှာ နည်းပြတွေ စနစ်တကျ သင်ကြားပေးနိုင်ဖို့အတွက် မွမ်းမံသင်တန်းတွေ ဖွင့်လှစ်တယ်။ ဖွင့်လှစ်ပြီးတော့မှ သင်တန်းသားတွေနဲ့ အခုသင်ကြားပေးရမယ့် အခြေခံစစ်ရေးပြ၊ လက်နက်ငယ် ပြီးရင် ပြည်သူ့စစ်သင်တန်းမှာ သင်ကြားပေးရမယ့် ဘာသာရပ်အလိုက် နည်းပြတွေ စုဖွဲ့ပြီးတော့မှ စနစ်တကျနဲ့ သင်ကြား ပေးနိုင်ဖို့အတွက် အားလုံးဆောင်ရွက်ထားပါတယ်။ အရပ်သားတွေဖြစ်တဲ့အတွက် သူတို့တွေ စစ်ပုံကျနမှုရှိစေရေးအတွက် ပထမဦးဆုံး သူတို့ရောက်လာပြီဆိုတာနဲ့ ယူနီဖောင်းစတင်ဝတ်ဆင်မယ်ဆိုရင် ဖိနပ်မှအစ ဦးထုပ်အဆုံးပေါ့။ ယူနီဖောင်းတွေ စနစ်တကျ ဝတ်ဆင်ရေး၊ ဖိနပ်တွေ စနစ်တကျစီးတတ်စေရေး၊ ပြီးရင် ချပ်ဝတ်တန်ဆာပလာတွေကို စနစ်တကျနဲ့ ဝတ်ဆင် တတ်စေဖို့အတွက် နည်းပြအရာရှိ၊ နည်းပြဆရာကြီးတွေ ကြီးကြပ်ပြီးတော့မှ သူတို့ကို အသေးစိတ်သင်ကြားပြသ လေ့ကျင့်ပေးခဲ့ပါတယ်ခင်ဗျာ။ သူတို့အတွက် ဒီသင်တန်းကနေပြီးတော့မှ အတွေ့အကြုံတွေအများကြီး ရရှိမယ်လို့ ကျွန်တော်တို့ မျှော်လင့်ပါတယ်။ ဘာတွေရရှိမယ် ဆိုလို့ရှိရင် အရပ်သားဘဝကနေ စစ်မှုထမ်းဘဝကို ကူးပြောင်းလာတာဖြစ်တဲ့အတွက် နံပါတ်(၁) သူတို့ရဲ့ ခန္ဓာကိုယ်ပိုင်းဆိုင်ရာတွေ ကြံ့ခိုင်လာမယ်။ အဲဒါပြီးရင် သူတို့တွေ အသင်းအဖွဲ့နဲ့ လုပ်ဆောင်တတ်လာမယ်။ ဒါ့အပြင် အချိန်ကိုက် စစ်သင်တန်းဖြစ်တဲ့အတွက် သူ့ရဲ့ သတ်မှတ်ချိန်အတိုင်း ဆောင်ရွက်ရတာဖြစ်တဲ့အတွက် သူတို့တွေဟာ အချိန်ကိုက် လုပ်ဆောင်တတ်လာမယ်။ အဲဒါအပြင် မိမိတို့ဒီမှာရှိတဲ့ တစ်နေရာစီကနေ လာရောက်ကြတာ၊ လာရောက်ပြီးတော့ ဒီမှာစုစည်းပြီး နေရတာဖြစ်တဲ့အတွက် သူတို့ရဲ့ ညီရင်းအစ်ကိုပမာ သူတို့တွေ တစ်ယောက်နဲ့ တစ်ယောက် ချစ်ချစ်ခင်ခင် နေတတ်လာမယ်။ ပြီးတော့မှ ဒီကနေပြီးတော့ သူတို့တွေ **စာမျက်နှာ ၅ သို့** ❖




ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ်(၁) သင်တန်းဖွင့်ပွဲ ကျင်းပစဉ်။







ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၁/၂၀၂၄) သင်တန်းဖွင့်ပွဲတွင် သင်တန်းသားများအတွက် ဂုဏ်ပြုချီးမြှင့်ငွေ ပေးအပ်စဉ်။



ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင် ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၁/၂၀၂၄) သင်တန်းဖွင့်ပွဲတွင် သင်တန်းသားများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။



ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၁/၂၀၂၄)သို့ တက်ရောက်ကြသည့် သင်တန်းသားများကို တွေ့ရစဉ်။



မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၁/၂၀၂၄) သင်တန်းဖွင့်ပွဲသို့ တက်ရောက်အားပေးစဉ်။

❖ စာမျက်နှာ ၄ မှ
စိတ်ဓာတ်နဲ့ ခံယူချက်တွေမြင့်မား လာဖို့ ကျွန်တော်တို့ သင်ကြားပို့ချ ပေးလိုက်တဲ့အခါမှာ သူတို့တွေဟာ ကိုယ့်ကိုယ်ကိုယ် တန်ဖိုးထားတတ်လာမယ်။ ကိုယ့်ကိုယ်ကိုယ် ချစ်တတ်လာမယ်။ အဲဒီက စပြီးတော့မှ မိမိရဲ့မိသားစု၊ မိမိရဲ့မြို့ရွာ၊ မိမိရဲ့နိုင်ငံအထိ တန်ဖိုးထားချစ်တတ်လာမယ်လို့ ထင်မြင်မိပါတယ်။”

**ရာသက်ပန် ဗိုလ်လောင်းတက်ဖို့ အစီအစဉ်ရှိ**

“ကျွန်တော်ကတော့ ငယ်ငယ်ကတည်းက စစ်သားလုပ်ရတာကို စိတ်ဝင်စားပါတယ်။ အကြောင်းအမျိုးမျိုးကြောင့် ကျွန်တော် ကျောင်းပြီးတဲ့အချိန်မှာ အဖေ၊ အမေက သဘောမတူလို့ ကျွန်တော် လျှောက်ခွင့်တောင် မရခဲ့ပါဘူး။ အခုတော့ ဘွဲ့ရပြီးတော့ ကျောင်းပြီးတဲ့အချိန်မှာ ဒီစစ်မှုထမ်းဥပဒေလည်း ထွက်တဲ့အချိန် ကျွန်တော် အလွန်ဝမ်းသာစွာနဲ့ ကိုယ့်ဆန္ဒနဲ့ ကျွန်တော့်မြို့နယ်မှာ စာရင်းသွင်းပြီး ဝင်ခဲ့တာဖြစ်ပါတယ်။ **ကျွန်တော့်ပညာ အရည်အချင်းကတော့ (Bachelor)ဘွဲ့ကို အမေရိကကနေ ကျောင်းပြီးပါတယ်။ မဟာဘွဲ့ကိုတော့ ဥရောပမှာရှိတဲ့ ဘယ်လ်ဂျီယံနိုင်ငံကနေပြီးတော့ ကျောင်းပြီးထားပါတယ်။ ကျွန်တော်ဒါပြီးရင်အခွင့်အရေးပေးရင်တော့ ဗိုလ်လောင်း သင်တန်းတက်ဖို့ အစီအစဉ်ရှိပါတယ်။**”





“နိုင်ငံသားတိုင်း ဒီတာဝန်ကို မလွဲမသွေ ထမ်းဆောင်ရမှာဖြစ်တဲ့အတွက် အစောဆုံးအပတ်စဉ်တွေမှာ ကျွန်တော်တို့သာ တကယ် ကောင်းကောင်းမွန်မွန် ချောချောမွေ့မွေ့ဆိုရင် နောက်လူတွေကိုလည်း နည်းပေးလမ်းပြစံပြ ဖြစ်အောင် နေလို့ရတယ်လို့ ကျွန်တော်တို့ခံယူလို့၊ မိဘကိုလည်း ကိုယ်တိုင်ခွင့်ပန်ပြီးတော့ သက်ဆိုင်ရာ တိုင်းဒေသကြီး ထွေ/အုပ်တွေကနေ တစ်ဆင့် ကျွန်တော်တို့ အကုန်လုံးကို အစီအစဉ်တကျ စနစ်တကျ အတိုင်း မိမိဆန္ဒအလျောက် ဆန္ဒပြုပြီးလာခဲ့တာပါ။ ကျွန်တော်တို့မနက်စာဆိုရင် ဒီနေ့မနက်ဆိုရင် ထမင်းကြော်နဲ့ ကြက်ဥနဲ့ လက်ဖက်ရည်နဲ့။ နေ့လယ်ဆိုရင် ကျွန်တော်တို့ ပုံမှန်စားနေကျဆိုရင် အသားဟင်းရယ်၊ ပဲဟင်းရယ်၊ အစိမ်းကြော်လေး တစ်မျိုးမျိုးပေါ့။ ညနေဘက်ဆိုရင်လည်း ဒီလိုပဲ အသားဟင်း တစ်ခွက်ပါမယ်၊ အစိမ်းကြော်ပါမယ်၊ တစ်ခါတလေ ငါးပိထောင်းပါတယ်၊ အချဉ်ဟင်းလေး ဖြစ်ဖြစ်ပေါ့။ အဲဒီလိုမျိုး အဆင်ပြေပါတယ်။ နေရာမျိုးစုံကလာတယ်ဆိုပေမယ့် အကုန်လုံးက စနစ်တကျဖြစ်တဲ့အတွက်၊ အကုန်လုံးသန့်သန့်ရှင်းရှင်းဖြစ်တဲ့အတွက် ကျွန်တော်တို့ စနစ်တကျနေရတယ်။ ရေ၊ မီး ဆိုလည်း အကုန်လုံး လိုအပ်သမျှ စီစဉ်ပေးထားတယ်။ ကျွန်တော်ကတော့ အကုန်လုံးကောင်းတယ်လို့ မြင်ပါတယ်ခင်ဗျာ။”

# တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များအား တွေ့ဆုံ

**နေပြည်တော် ဧပြီ ၈**

ရှမ်းပြည်နယ်(တောင်ပိုင်း)ရှိ မြို့နယ်အသီးသီးမှ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များအား အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ခရေရိပ်သာ၌လည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့နယ်အတွင်းရှိ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များအား ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် ထားဝယ်တပ်နယ်အောင်ဆန်းခန်းမ၌လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်မှ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များအား အနောက်တောင်တိုင်းစစ်ဌာနချုပ် ဧရာဝတီခန်းမ၌လည်းကောင်း ယနေ့တွင် သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်အသီးသီးမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် တိုင်းမှူးများက အမှာစကားများ ပြောကြားကြပြီး စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များ၏ တင်ပြချက်များအပေါ် လိုအပ်သည်များညှိနှိုင်းဆောင်ရွက်ပေးကာ ဆန်၊ ဆီနှင့် စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ထို့နောက် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များအား တိုင်းစစ်ဌာနချုပ်အသီးသီးမှ နယ်မြေခံဆေးကုသရေးအဖွဲ့များက လိုအပ်သည့်ကျန်းမာရေး စစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးပြီး ထိုသို့ဆောင်ရွက်ပေးနေမှုများကို တိုင်းမှူးများနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်



# နေပြည်တော်ကောင်စီနယ်မြေရှိ ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၁/၂၀၂၄) မှ သင်တန်းသားများအား ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့ သွားရောက်တွေ့ဆုံအားပေး

**နေပြည်တော် မေ ၈**

နေပြည်တော်ကောင်စီနယ်မြေတွင်ဖွင့်လှစ်သည့် ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ် (၁/၂၀၂၄) မှ သင်တန်းသားများအား ယနေ့နံနက်ပိုင်းက ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ အဖွဲ့ဝင် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ နေပြည်တော် ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ နေပြည်တော် တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် စောသန်းလှိုင်၊ နေပြည်တော် ကောင်စီဝင်များ၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် တာဝန်ရှိသူများ၊ ရုပ်ရှင်သရုပ်ဆောင်များက သွားရောက်တွေ့ဆုံ အားပေးကြသည်။



ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း နေပြည်တော်ကောင်စီနယ်မြေရှိ ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၁/၂၀၂၄) မှ သင်တန်းသားများအား တွေ့ဆုံအားပေးစကားပြောကြားစဉ်။

**မွေးရာပါတာဝန်တစ်ရပ်ဖြစ်**

တွေ့ဆုံပွဲတွင် ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက မိမိအနေဖြင့် တပ်မတော်သားဘဝကို နှစ်ပေါင်းများစွာ ဖြတ်သန်း၍ ပေးအပ်သည့် တာဝန်များကို ထမ်းဆောင်ခဲ့ပြီး ယနေ့အချိန်ထိ တပ်မတော်နှင့် နိုင်ငံတော်အစိုးရက ပေးအပ်သည့် တာဝန်များကို ထမ်းဆောင်လျက်ရှိပါကြောင်း၊ နိုင်ငံသားတိုင်းသည် မိမိနိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်ပေးရမည့် တာဝန်မှာ မွေးရာပါတာဝန်တစ်ရပ်ဖြစ်သည်ဟု ခံယူကြရန် လိုအပ်ပါကြောင်း။

ပြည်သူ့စစ်မှုထမ်း တပ်ဖွဲ့ဝင်တစ်ဦးရရှိမည့် အကျိုးကျေးဇူးများအနေဖြင့် တာဝန်ထမ်းဆောင်စဉ်ကာလအတွင်း ပြည်သူ့စစ်မှုထမ်းဥပဒေနှင့်အညီ ရာထူးအဆင့်အလိုက် လစာနှင့်အခြားခံစားခွင့်များ ရရှိမည့်အပြင် စစ်မှုထမ်းကာလနှစ်နှစ် တာဝန်ထမ်းဆောင်ပြီးပါကလည်း နိုင်ငံတော်နှင့် ပြည်သူများက အားကိုးရပြီး ဂုဏ်သိက္ခာရှိသည့် နိုင်ငံသားများအဖြစ် ဆက်လက်ရပ်တည်နိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌက နေပြည်တော်ကောင်စီအနေဖြင့် မြို့နယ်ရှစ်မြို့နယ်အတွင်း ရပ်ကွက်၊ ကျေးရွာအုပ်စုများ၌ နေထိုင်ကြသည့် နိုင်ငံသားများအနက် ပြည်သူ့စစ်မှုထမ်းရန် ကိုယ်တိုင်ဆန္ဒပြုသူများအား လိုအပ်သည့် အသုံးအဆောင် ပစ္စည်းများနှင့် ထောက်ပံ့ငွေများကို ပေးအပ်သွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ နေပြည်တော် တိုင်းစစ်ဌာနချုပ် တိုင်းမှူးက သင်တန်းသားများ အနေဖြင့် အမိန့်နာခံတတ်ရန်၊ မိမိနိုင်ငံနှင့် လူမျိုးအပေါ်၊ မိမိအဖွဲ့အစည်းအပေါ် သစ္စာရှိရန်လိုအပ်ကြောင်း၊ ထို့ပြင် ချမှတ်ထားသည့် ဥပဒေနှင့် စည်းမျဉ်း၊ စည်းကမ်းများကို လိုက်နာရန် လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက်ပြည်ထောင်စုဝန်ကြီးက နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ကျေးရွာများအတွက် MRTV DTH စလောင်း ငါးစုံနှင့် MRTV DVB – T2 Set Top Box အလုံး ၅၀ ပေးအပ်ရာ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ ဦးသန်းထွန်းဦးကလည်းကောင်း၊ နေပြည်တော် တိုင်းစစ်ဌာနချုပ်အတွက် MRTV DTH စလောင်း ငါးစုံနှင့် MRTV DVB – T2 Set Top Box အလုံး ၅၀ ပေးအပ်ရာ နေပြည်တော် တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် စောသန်းလှိုင်ကလည်းကောင်း၊ သင်တန်းကျောင်းရှိ တပ်ခွဲ (၁၁) ခွဲအတွက် MRTV DTH စလောင်း ၁၁ စုံ နှင့် MRTV DVB–T2 Set Top Box ၁၁ လုံး ပေးအပ်ရာ ခေတ္တကျောင်းအုပ်ကြီးကလည်းကောင်း လက်ခံရယူကြသည်။

ယင်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌက နေပြည်တော်ကောင်စီနယ်မြေ အတွင်းရှိ ပြည်သူ့စစ်မှုထမ်း တပ်ဖွဲ့ဝင်များအတွက် လိုအပ်သည့် အသုံးအဆောင် ပစ္စည်းများနှင့် ထောက်ပံ့ငွေများကို ပေးအပ်ရာ တာဝန်ရှိသူတစ်ဦးက လက်ခံရယူသည်။

**ကံစမ်းမဲဖောက်ပေးအပ်**

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် ခေတ္တကျောင်းအုပ်ကြီးတို့က အမှတ်စဉ် (၁/၂၀၂၄) မှ သင်တန်းသားများအတွက် MRTV DTH စလောင်း နှစ်စုံနှင့် MRTV DVB–T2 Set Top Box အလုံး ၃၀ တို့ကို ကံစမ်းမဲဖောက်၍ ပေးအပ်သည်။

ထို့နောက်ပြည်ထောင်စုဝန်ကြီး၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် နေပြည်တော် တိုင်းစစ်ဌာနချုပ် တိုင်းမှူးတို့သည် သင်တန်းသားများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြသည်။

သတင်းစဉ်




ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း နေပြည်တော်တိုင်းစစ်ဌာနချုပ်အတွက် MRTV DTH စလောင်းငါးစုံနှင့် MRTV DVB – T2 Set Top Box အလုံး ၅၀ ပေးအပ်ရာ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စောသန်းလှိုင်က လက်ခံရယူစဉ်။

နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ပြည်သူ့စစ်မှုထမ်းတပ်ဖွဲ့ဝင်များအတွက် လိုအပ်သည့် အသုံးအဆောင်ပစ္စည်းများပေးအပ်ရာ တာဝန်ရှိသူတစ်ဦးက လက်ခံရယူစဉ်။



## သင်္ကြန်ကာလအတွင်း မြို့တော်ဝန်မဟာသင်္ကြန်ရေကစားသဉ္ဇာခံမဏ္ဍပ်အနီးရှိ လမ်းများခေတ္တပိတ်ထားမည်

**ရန်ကုန် မေ ၈**

သင်္ကြန်ကာလအတွင်း မြို့တော်ဝန်မဟာသင်္ကြန်ရေကစားသဉ္ဇာခံမဏ္ဍပ်အနီးရှိ လမ်းများခေတ္တပိတ်ထားမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က အသိပေးထုတ်ပြန်ထားသည်။

မဟာသင်္ကြန်ပွဲတော်ကာလဖြစ်သည့် မေ ၁၃ ရက်မှ ၁၆ ရက်အထိ မြန်မာ့ရိုးရာ မဟာသင်္ကြန်ပွဲတော်တွင် ရန်ကုန်မြို့တော်ခန်းမရှေ့ရှိ ရန်ကုန်မြို့တော်မဟာသင်္ကြန်မဏ္ဍပ်၌ ရေကစားခြင်း၊ သင်္ကြန်ယိမ်းအကအလှ ဖျော်ဖြေခြင်းများဖြင့် ကျင်းပသွားမည်ဖြစ်သည်။

အဆိုပါကာလအတွင်း မဟာဗန္ဓုလလမ်းအား ဆူးလေဘုရားလမ်းမှ ပန်းဆိုးတန်းလမ်းအထိလည်းကောင်း၊ ဆူးလေဘုရားလမ်းအား အနော်ရထာလမ်းမှ ကုန်သည်လမ်းအထိလည်းကောင်း နံနက် ၇ နာရီမှ ညနေ ၆ နာရီအထိ ခေတ္တလမ်းပိတ်ထားမည်ဖြစ်ကြောင်း သိရသည်။

ထို့ကြောင့် မော်တော်ယာဉ်မောင်းနှင်သူများအနေဖြင့် လမ်းလွှဲများမှ သွားလာမောင်းနှင်ကြပါရန် အသိပေးနှိုးဆော်ထားသည်။

TWA

# နိုင်ငံတစ်ဝန်း ဖွင့်လှစ်ထားရှိသည့် စာကြည့်တိုက်များအတွက် အလှူငွေနှင့် စာအုပ်စာစောင်များ လှူဒါန်းနိုင်

နိုင်ငံတော်အစိုးရက ပြည်သူများ အသိပညာ ဗဟုသုတ တိုးပွားစေရေးနှင့် စာအုပ်စာစောင်များ အလွယ်တကူ ဖတ်ရှုလေ့လာနိုင်စေရန် နိုင်ငံတစ်ဝန်း ဖွင့်လှစ်ထားရှိသည့် စာကြည့်တိုက်များအတွက် ရန်ပုံငွေနှင့် စာအုပ်စာစောင်များ ထောက်ပံ့ကူညီပေးလျက်ရှိသကဲ့သို့ စေတနာရှင် အလှူရှင်များကလည်း ပြည်သူများ အလွယ်တကူ စာပေလေ့လာဖတ်ရှုနိုင်စေရေးနှင့် စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အလှူငွေနှင့် စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းလျက်ရှိပါသည်။

နိုင်ငံတစ်ဝန်းရှိ စာကြည့်တိုက်များအတွက် အလှူငွေနှင့် စာအုပ်စာစောင်များ စုပေါင်းပေးအပ်လှူဒါန်းပွဲကို မေလ ၁၀ ရက် နံနက် ၁၀ နာရီတွင် အမျိုးသားစာကြည့်တိုက် (နေပြည်တော်) နှင့် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့ရုံးများ၌ ကျင်းပပြုလုပ်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။

သို့ဖြစ်ပါ၍ နိုင်ငံတစ်ဝန်းရှိ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်စေရေးနှင့် ပြည်သူများ စာပေဖတ်ရှုလေ့လာနိုင်စေရေးအတွက် “ ပညာဒါန ” အလှူအဖြစ် အလှူငွေနှင့် စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းလိုပါက အောက်ပါပုဂ္ဂိုလ်များထံ ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း အသိပေးဖော်ပြအပ်ပါသည် –

- ညွှန်ကြားရေးမှူး (ထုတ်လုပ်)
  ပြန်/ဆက်ဦးစီးဌာန
  ဖုန်း ၀၁ ၃၇၁၃၄၂ / ၀၆၇၃၄၁၂၃၇၁ / ၀၉၄၂၁၀၄၆၇၁၅
- ညွှန်ကြားရေးမှူး (ပြန်ဆက်)
  ပြန်/ဆက်ဦးစီးဌာန
  ဖုန်း ၀၆၇၃၄၁၂၀၆၄
- တိုင်းဒေသကြီး/ပြည်နယ်၊ ခရိုင်၊ မြို့နယ်
  ပြန်/ဆက်ဦးစီးဌာနရုံးများ

ပြန်ကြားရေးဝန်ကြီးဌာန

## KG+12 စနစ်သစ်နှင့် လိုက်လျောညီထွေမည့် နည်းပညာတက္ကသိုလ်နှင့် ကွန်ပျူတာတက္ကသိုလ်များ၏ သင်ရိုးညွှန်းတမ်းဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ



နေပြည်တော် မေ ၈

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာနရှိ နည်းပညာတက္ကသိုလ်များနှင့် ကွန်ပျူတာတက္ကသိုလ်များတွင် KG+12 စနစ်သစ်နှင့် လိုက်လျောညီထွေမည့် သင်ရိုးညွှန်းတမ်းဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၉ နာရီတွင် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်က လက်ရှိအကောင်အထည်ဖော်လျက်ရှိသည့် သင်ရိုးအသစ်ဖြင့် အခြေခံပညာပြီးမြောက်လာသော ကျောင်းသား ကျောင်းသူများသည် ၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် နည်းပညာတက္ကသိုလ်များနှင့် ကွန်ပျူတာတက္ကသိုလ်များသို့ တက်ရောက်လာကြတော့မည်ဖြစ်ပြီး ၎င်းတို့အတွက် KG+12 စနစ်သစ်နှင့် လိုက်လျောညီထွေဖြစ်အောင် ရေးဆွဲထားသည့် သင်ရိုးညွှန်းတမ်းများဖြင့် သင်ကြားပေးရမည်ဖြစ်ပါကြောင်း၊ တက္ကသိုလ်များတွင်လည်း သက်ဆိုင်ရာဘာသာရပ်အလိုက် ကျွမ်းကျင်ပညာရှင်များ၊ ပြင်ပပညာရှင်များ၊ Stakeholder များအားလုံးပါဝင်၍ ညှိနှိုင်းအစည်းအဝေးပွဲများ အဆင့်ဆင့်ကျင်းပခဲ့ပြီး ဖြစ်ပါကြောင်း၊ သင်ကြားသင်ယူမှုနည်းလမ်းများကို စနစ်ကျစွာ အသုံးပြုရန်နှင့် ဘွဲ့ရကျောင်းသားများတွင် ရှိရမည့်အရည်အချင်းသတ်မှတ်ချက်များ ပြည့်မီစေရန်အတွက် Assessment ပုံစံများပါ တစ်ပါတည်း စဉ်းစားရေးဆွဲရန်လိုပါကြောင်း။

အရည်အသွေးမြင့်သည့် သင်ကြားသင်ယူမှုနည်းစနစ်များ၊ နိုင်ငံတကာအဆင့်မီ သင်ရိုးညွှန်းတမ်းများနှင့် သင်ကြားသင်ယူမှု အထောက်အကူပြုစနစ်များကို အသုံးပြုကာ ကျောင်းသား ကျောင်းသူများကို လေ့လာသိရှိမှုစွမ်းရည်၊ ဝေဖန်ပိုင်းခြားနိုင်မှုစွမ်းရည်၊ လုပ်ဆောင်နိုင်မှုစွမ်းရည်များ ပြည့်ဝသည့် ဗလငါးတန်နှင့်ပြည့်စုံသော အင်ဂျင်နီယာပညာရှင်များ၊ ကွန်ပျူတာပညာရှင်များ မွေးထုတ်ပေးရာတွင် အဓိကအုတ်မြစ်ဖြစ်သော သင်ရိုးညွှန်းတမ်းများကို နိုင်ငံတော်လိုအပ်ချက်နှင့် ဒေသလိုအပ်ချက်များကို အထောက်အပံ့ပေးနိုင်ရေးနှင့် နိုင်ငံတကာအဆင့်မီ သင်ရိုးညွှန်းတမ်းများဖြစ်စေရေး Stakeholder များ၏ အကြံပြုချက်၊ သုံးသပ်ချက်များနှင့်အတူ ပြီးပြည့်စုံသော သင်ရိုးညွှန်းတမ်းများ ထွက်ပေါ်လာရေး ဝိုင်းဝန်းကြိုးစားသွားကြရန် တိုက်တွန်းပြောကြားသည်။

ဆက်လက်၍ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျက အမှာစကားပြောကြားပြီး လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်လာကြသည့် အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်၊ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များ၊ ဘာသာရပ်ဆိုင်ရာ ဆရာ၊ ဆရာမများက KG+12 စနစ်သစ်နှင့် လိုက်လျောညီထွေဖြစ်မည့် သင်ရိုးညွှန်းတမ်းများ ဆောင်ရွက်ထားရှိမှု၊ ရှေ့ဆက်ဆောင်ရွက်ရမည့် လုပ်ငန်းများနှင့်ပတ်သက်၍ အသေးစိတ် ဆွေးနွေးပြောကြားရာ ပြည်ထောင်စုဝန်ကြီးက ပြန်လည်ရှင်းလင်းမှာကြားသည်။

အစည်းအဝေးသို့ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်၊ ဒုတိယ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ နည်းပညာတက္ကသိုလ်များနှင့် ကွန်ပျူတာတက္ကသိုလ်များမှ ပါမောက္ခချုပ်များ၊ ဒုတိယပါမောက္ခချုပ်များ၊ ဘာသာရပ်ဆိုင်ရာ ဆရာ၊ ဆရာမများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

## မြန်မာနိုင်ငံစာကြည့်တိုက်များဖောင်ဒေးရှင်းသို့ စာအုပ်များလှူဒါန်း

နေပြည်တော် မေ ၈

နိုင်ငံတစ်ဝန်းတွင် ဖွင့်လှစ်ထားရှိသော ကျေးရွာနှင့် ရပ်ကွက်များမှ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များတွင် ထားရှိပြီး ပြည်သူများနှင့် ကျောင်းသားလူငယ်များ ဖတ်ရှုလေ့လာနိုင်ရန်အတွက် ဘုရားရှိခိုးနှင့် အန္တရာယ်ကင်းဂါထာများ စာအုပ် ၃၀၀ နှင့် ဥပ္ပါတသန္တိဝတ်ရွတ်စဉ် စာအုပ် ၃၀၀ တို့ကို သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနကိုယ်စား ဒုတိယညွှန်ကြားရေးမှူး ဒေါ်သီသီအောင်က နေပြည်တော် ဟိုတယ်ဇုန်ရှိ တံ့ဂပူရီဟိုတယ်တွင် လာရောက်လှူဒါန်းသည်။

**လက်ခံရယူ**

စာအုပ်များကို မြန်မာနိုင်ငံစာကြည့်တိုက်များ ဖောင်ဒေးရှင်းဥက္ကဋ္ဌ ဦးညွန့်ဆွေနှင့် ဗဟိုအလုပ်အမှုဆောင်များက လက်ခံရယူပြီး ကျေးဇူးတင်စကား ပြောကြားခဲ့သည်။ လှူဒါန်းသော စာအုပ်၏ တန်ဖိုးမှာ ငွေကျပ် ၁၅၃၀၀၀၀ ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



## မြန်မာ့ပင်လယ်ပြင် အခြေအနေ

နေပြည်တော် မေ ၈

လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခုနစ်ပေခန့် ရှိနိုင်သည်။ **မိုး/ဇလ**

# ၂၀၂၄ ခုနှစ် ကမ္ဘာ့ကျန်းမာရေးနေ့ အထိမ်းအမှတ်အခမ်းအနားနှင့် မကူးစက်နိုင်သောရောဂါများ ကာကွယ်နှိမ်နင်းရေးဆိုင်ရာ အမျိုးသားမဟာဗျူဟာစီမံကိန်း (၂၀၂၃-၂၀၂၇) အသိပေးမိတ်ဆက်ခြင်းအခမ်းအနား ကျင်းပ




နေပြည်တော် မေ ၈

၂၀၂၄ ခုနှစ် ကမ္ဘာ့ကျန်းမာရေးနေ့ အထိမ်းအမှတ် အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ကျန်းမာရေးဝန်ကြီးဌာန ရုံးအမှတ်(၄) အစည်းအဝေးခန်းမ၌ ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း၊ ဒုတိယဝန်ကြီး၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ တိုင်းဒေသကြီး/ပြည်နယ် ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှူးများ၊ ညွှန်ကြားရေးမှူးများ၊ မြန်မာနိုင်ငံ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၊ မြန်မာနိုင်ငံကြက်ခြေနီအသင်းတို့မှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ အခြေခံကျန်းမာရေးဝန်ထမ်းများ၊ သူနာပြုသင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

**စတင်သတ်မှတ်ခဲ့**

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး(World Health Organization) စတင်တည်ထောင်ခဲ့သည့်နေ့ကို ကမ္ဘာ့ကျန်းမာရေးနေ့အဖြစ် ၁၉၅၀ ပြည့်နှစ်မှ စတင်သတ်မှတ်ခဲ့ပြီး အဖွဲ့ဝင်နိုင်ငံများက အဆိုပါနေ့ရက်ကျရောက်တိုင်း ကမ္ဘာ့ကျန်းမာရေးနေ့ အထိမ်းအမှတ်ဆိုင်ရာ အခမ်းအနားများနှင့် ကျန်းမာရေးဆိုင်ရာ လှုပ်ရှားမှုများကို ဆောင်ရွက်ခဲ့ကြကြောင်း၊ ကမ္ဘာတစ်ဝန်း ရင်ဆိုင်ကြုံတွေ့နေရသည့် ကျန်းမာရေးဆိုင်ရာ အခြေအနေများနှင့် ပြဿနာများကို စုပေါင်းဖြေရှင်းရန်အတွက် အဖွဲ့ဝင်နိုင်ငံတိုင်းက ကျန်းမာရေးဆိုင်ရာ လုပ်ငန်းဆောင်တာများကို အစီအစဉ်ချမှတ်၍ အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ရန် နှိုးဆော်တိုက်တွန်းလေ့ရှိကြောင်း၊ ယနေ့အချိန်အခါတွင် ကမ္ဘာတစ်ဝန်းရှိ လူသားများ၏ ကျန်းမာရေးကို ထိခိုက်စေမှုများသည် ပိုမိုများပြားလာနေကြောင်း၊ လူသားတိုင်း ကျန်းမာရေးစောင့်ရှောက်မှုကို ရယူပိုင်ခွင့်၊ ပညာသင်ကြားပိုင်ခွင့်၊ သတင်းအချက်အလက် ရယူပိုင်ခွင့်တို့ကို ရရှိနိုင်ရေးအတွက် ယခုနှစ် ကမ္ဘာ့ကျန်းမာရေးနေ့ ဆောင်ပုဒ်အဖြစ် "My Health, My Right"ကို သတ်မှတ်ပေးခဲ့ပြီး မြန်မာဘာသာဖြင့် "လူတိုင်းလူတိုင်း ကျန်းမာဖို့၊ ကိုယ်စီပါဝင် ဆောင်ရွက်စို့"ဟု ဆီလျော်အောင် ဘာသာပြန်ဆိုထားကြောင်း။

ယခုနှစ် ကမ္ဘာ့ကျန်းမာရေးနေ့ ဆောင်ပုဒ်တွင်အလေးထားတင်ပြထားသည့်အချက်မှာ လူတိုင်းရောဂါဘယကင်းရှင်းပြီး ကျန်းမာစွာဖြင့် လူ့သက်တမ်းစေ့နေနိုင်ရေးအတွက် အခြေခံကျပြီး အရည်အသွေးပြည့်ဝသော ပဏာမကျန်းမာရေးစောင့်ရှောက်မှုများကို အသက်အရွယ်မရွေး၊ ကျား/မ မရွေး၊ လူမျိုးဘာသာမရွေး၊ နေရာဒေသမရွေး လူတိုင်းလက်လှမ်းမီရရှိနိုင်အောင် ကြိုးပမ်းဆောင်ရွက်ပေးစေလိုခြင်း ဖြစ်ကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ဦးတည်ချက်(၉)ရပ်တွင် လူမှုရေးဦးတည်ချက် တစ်ရပ်ဖြစ်သည့် "တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံး အကျုံးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး" ဆိုသော ဦးတည်ချက်ကို ချမှတ်၍ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာတွင် ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် အဓိက တာဝန်ယူဆောင်ရွက်နေသည့် ဝန်ကြီးဌာနအဖြစ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ဦးဆောင်လမ်းညွှန်မှုကိုခံယူပြီး စီမံကိန်းများချမှတ်အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိကြောင်း ပြောကြားသည်။

**ဂုဏ်ပြုဆုများချီးမြှင့်**

ထို့နောက် အစီအစဉ်အရ ၂၀၂၄ ခုနှစ် ကမ္ဘာ့ကျန်းမာရေးနေ့ အထိမ်းအမှတ်ဗီဒီယိုကို ပြသပြီး ပြည်သူ့ကျန်းမာရေး လုပ်ငန်းစွမ်းဆောင်ရည် အကောင်းဆုံး တိုင်းဒေသကြီး/ပြည်နယ် ဆုများကို ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့က ဂုဏ်ပြုဆုများ ချီးမြှင့်ကြသည်။

ယင်းနောက် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြပြီး ကျန်းမာရေးဝန်ကြီးဌာန လုပျိုဖြူများက အကအလှများဖြင့် ဖျော်ဖြေကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် ၂၀၂၄ ခုနှစ် ကမ္ဘာ့ကျန်းမာရေးနေ့ အထိမ်းအမှတ်အဖြစ် ခင်းကျင်းပြသထားသော ပြခန်းငယ်ကို လှည့်လည်ကြည့်ရှုကြသည်။

မွန်းလွဲ ၁ နာရီတွင် "မကူးစက်နိုင်သောရောဂါများ ကာကွယ်နှိမ်နင်းရေးဆိုင်ရာ အမျိုးသားမဟာဗျူဟာစီမံကိန်း (၂၀၂၃-၂၀၂၇)အသိပေးမိတ်ဆက်ခြင်း" အခမ်းအနားကို အဆိုပါ ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး တက်ရောက် အဖွင့်အမှာစကားပြောကြားပြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာကျော်ကံကောင်းက မဟာဗျူဟာစီမံကိန်းပြုစုရေးဆွဲရခြင်း၏ ရည်ရွယ်ချက်နှင့် ဆောင်ရွက်ခဲ့သည့် လုပ်ငန်းစဉ်များကို လည်းကောင်း၊ ညွှန်ကြားရေးမှူး(မကူးစက်) ဒေါက်တာသီတာဝင်းက မဟာဗျူဟာစီမံကိန်း အကျဉ်းချုပ်ကို လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

အသိပေးမိတ်ဆက်ခြင်း အခမ်းအနားကို ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ ကျန်းမာရေးဝန်ကြီးဌာနလက်အောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဆေးတက္ကသိုလ်များမှ ပါမောက္ခချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ တိုင်းဒေသကြီး/ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးများ၊ ဆေးရုံအုပ်ကြီးများ၊ စီမံချက်မန်နေဂျာများ၊ ညွှန်ကြားရေးမှူးများနှင့် ဒုတိယညွှန်ကြားရေးမှူးများ၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

❍ စာမျက်နှာ ၁၁ မှ

ပြည်သူ့စစ်မှုထမ်းတစ်ဦးဟာ စစ်မှုထမ်းဆောင်နေတဲ့ကာလအတွင်း ၎င်းရဲ့တာဝန်ထမ်းဆောင်တဲ့အဆင့်အလိုက် တပ်မတော်မှာ သတ်မှတ်ထားတဲ့ စစ်မှုထမ်းစည်းမျဉ်းနဲ့အညီ လစာနဲ့ စရိတ်ကို ခံစားခွင့်ရရှိမှာဖြစ်ပါတယ်။ ဒါ့အပြင် တာဝန်ထမ်းဆောင်နေစဉ်အတွင်းမှာ ကျဆုံးခြင်း၊ သေဆုံးခြင်း၊ ထိခိုက်ဒဏ်ရာရရှိခဲ့ခြင်းတွေ ရှိခဲ့မယ်ဆိုရင်လည်း သတ်မှတ်ချက်တွေနဲ့အညီ အကျိုးခံစားခွင့်တွေကို ရရှိမှာဖြစ်ပါတယ်။

ပြည်သူ့စစ်မှုထမ်းတစ်ဦးဦးဟာ ဥပဒေအရ သတ်မှတ်ကာလပြည့်တဲ့အထိ တာဝန်ထမ်းဆောင်ပြီးလို့ မိမိသဘောဆန္ဒအလျောက် တပ်မတော်မှာ ဆက်ပြီးအမှုထမ်းဆောင်လိုတယ်ဆိုရင် သတ်မှတ်တဲ့ စစ်မှုထမ်းကာလမပြည့်မီ သုံးလကြိုတင်ပြီး သတ်မှတ်ချက်တွေနဲ့အညီ ပုံစံ(၁၁)နဲ့ လျှောက်ထားနိုင်ပါတယ်။ နိုင်ငံ့ဝန်ထမ်းဆိုရင်တော့ သက်ဆိုင်ရာဝန်ကြီးဌာန၊ အဖွဲ့အစည်းရဲ့သဘောတူညီချက်နဲ့ လျှောက်ထားရမှာ ဖြစ်ပါတယ်။

ကာကွယ်ရေးဝန်ကြီးဌာနအနေနဲ့ ပြည်သူ့စစ်မှုထမ်းအဖြစ် တာဝန်ထမ်းဆောင်နေတဲ့ နိုင်ငံ့ဝန်ထမ်းရဲ့ ခံစားခွင့်တွေနဲ့ပတ်သက်ပြီး စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့တို့နဲ့ ညှိနှိုင်းသတ်မှတ်ပေးမှာဖြစ်ပါတယ်။ အလုပ်သမားတစ်ဦးအတွက်ဆိုရင်လည်း သက်ဆိုင်ရာအလုပ်ရှင်အနေနဲ့ သက်ဆိုင်ရာဥပဒေက သတ်မှတ်ပေးထားတဲ့ခံစားခွင့်ကို ရရှိအောင် စီစဉ်ဆောင်ရွက်ပေးရမှာဖြစ်ပါတယ်။ ပြည်သူ့စစ်မှုထမ်းတာဝန်ပြီးဆုံးတဲ့ အလုပ်သမားကို မူလအလုပ်အကိုင်ပြန်လည်ရရှိအောင် အတတ်နိုင်ဆုံးဆောင်ရွက်ပေးရမှာ ဖြစ်ပါတယ်။

ပြည်သူ့စစ်မှုထမ်းတစ်ဦးဟာ ဥပဒေအရ သတ်မှတ်ကာလပြည့်မြောက်အောင် တာဝန်ထမ်းဆောင်ပြီးတဲ့အခါမှာတော့ ပြည်သူ့စစ်မှုထမ်းတာဝန်ပြီးမြောက်ကြောင်း လက်မှတ်ကို ပုံစံ(၁၂)နဲ့ ထုတ်ပေးမှာ ဖြစ်ပါတယ်။

ပြည်သူ့စစ်မှုထမ်းအဖြစ် သတ်မှတ်ကာလပြည့်တဲ့အထိ တာဝန်ထမ်းဆောင်ခဲ့သူဟာ နိုင်ငံတော်ရဲ့ ထိုက်သင့်တဲ့ချီးမြှင့်မှုကို ခံစားခွင့်ရရှိနိုင်မှာဖြစ်ကြောင်း ရေးသားဖော်ပြအပ်ပါတယ်။ ။

❐

## နှစ်ကူး ဆုတောင်း

❖ ပိတောက် ၄ ပန်း၊ သင်းပျံ့လန်းလျက်
တစ်ဝန်းပြည်ရွာ **မွှေးပါစေ။**
❖ သင်္ကြန်မိုးရေ၊ တန်ခူးလေနှင့်
ဒေသတစ်ဝန်း **အေးပါစေ။**
❖ နှစ်ဟောင်းကြုံရ၊ ဘေးဒုက္ခနှင့်
ကြောင့်ကြထွေထွေ၊ အတာရေဖြင့်
ရန်တွေ ကင်းစင် **ဝေးပါစေ။**
❖ တစ်မြေတည်း နေ၊ ဒို့တစ်တွေသည်
တစ်ရေတည်း သုံး၊ ဒို့အားလုံးသည်
**စည်းလုံးခြင်း၏၊ "အား"ကို သိလျက်**
**ပြိုကွဲခြင်း၏၊ "အမှား"ကို သိလျက်**
အရှိအတိုင်း၊ ချိန်မဆိုင်းဘဲ
တိုင်းရင်းသားချင်း၊ ချစ်ကြည်ခြင်းဖြင့်
ရင်တွင်း ဆန္ဒ၊ ညှိနှိုင်းကြလျက်
မျှတသင့်မြတ်၊ အနာဂတ်ကို
ပေါင်းစပ် ပုံဖော် နိုင်ပါစေ။
❖ မြန်မာတွေ မာပါစေ။
မြန်ဌာနေ သာယာစေ။ ။

**မျိုးမြတ်မြတ်မြင့်မောင်**

## နှစ်သစ်ကူးရုံးပိတ်ရက်များတွင် သတင်းစာများ အလှည့်ကျထုတ်ဝေမည်

နေပြည်တော် မေ ၈

မြန်မာနှစ်သစ်ကူးရုံးပိတ်ရက်များအတွင်း ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၏နေ့စဉ်ထုတ်သတင်းစာများကို အလှည့်ကျထုတ်ဝေမည် ဖြစ်ပါသည်။

ဧပြီ ၁၃၊ ၁၄၊ ၁၅၊ ၁၆ ရက်တို့တွင် မြန်မာ့အလင်းသတင်းစာကို ထုတ်ဝေမည်ဖြစ်ပြီး ကြေးမုံသတင်းစာနှင့် The Global New Light of Myanmar သတင်းစာတို့ကို ခေတ္တရပ်နားသွားမည်ဖြစ်ပါသည်။

ဧပြီ ၁၇၊ ၁၈၊ ၁၉၊ ၂၀၊ ၂၁ ရက်တို့တွင် ကြေးမုံသတင်းစာနှင့် The Global New Light of Myanmar သတင်းစာတို့ထုတ်ဝေမည်ဖြစ်ပြီး မြန်မာ့အလင်းသတင်းစာကို ခေတ္တရပ်နားသွားမည် ဖြစ်ပါသည်။

ထို့အတူ ကိုယ်ပွားသတင်းစာတိုက်(တောင်ကြီး)မှ (ကြာသပတေးနေ့)တိုင်းထုတ်ဝေသည့် ရှမ်းဘာသာတိုင်းရင်းသားကဏ္ဍအချပ်ပိုကို ဧပြီ ၁၈ ရက်တွင် လည်းကောင်း၊ ကိုယ်ပွားသတင်းစာတိုက်(မော်လမြိုင်)မှ (တနင်္ဂနွေနေ့)တိုင်း ထုတ်ဝေလျက်ရှိသည့် မွန်၊ စကောကရင်၊ ပိုးကရင်၊ ပအိုဝ်း တိုင်းရင်းသားဘာသာအချပ်ပိုကို ဧပြီ ၁၄ ရက်နေ့နှင့် ၂၁ ရက်နေ့တို့တွင် လည်းကောင်း၊ ကိုယ်ပွားသတင်းစာတိုက် (မြစ်ကြီးနား)မှ နှစ်ပတ်တစ်ကြိမ် ထုတ်ဝေသည့် ကချင်ဘာသာတိုင်းရင်းသားကဏ္ဍအချပ်ပိုကို ဧပြီ ၂၀ ရက်နေ့တွင် လည်းကောင်း ရပ်နားမည်ဖြစ်ပြီး သင်္ကြန်ရုံးပိတ်ရက်ကာလ ကျော်လွန်ပါက ပုံမှန်ပြန်လည်ထုတ်ဝေသွားမည်ဖြစ်ပါသည်။

သတင်းစာကြော်ငြာများကိုမူ သတင်းစာတိုက်များ၏ အလှည့်ကျပိတ်ရက်ကာလများတွင် ပိတ်ရက်မရှိ လက်ခံသွားမည်ဖြစ်ပြီး ဧပြီ ၂၂ ရက်နေ့မှစ၍ သတင်းစာများအားလုံး ပုံမှန်အတိုင်း ဆက်လက်ထုတ်ဝေသွားမည်ဖြစ်ပါသည်။

**သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း**

**စာပေမြင့်မှ လူမျိုးတင့်မည်**

# သမဝါယမ စာရင်းရေးစာရင်းကိုင်သက်မွေးပညာ သုံးနှစ်သင်တန်းအတွက် သင်ရိုးညွှန်းတမ်းနှင့် သင်ခန်းစာဖော်ထုတ်ရေးအလုပ်ရုံဆွေးနွေးပွဲ ကျင်းပ



**နေပြည်တော် မေ ၈**

သမဝါယမ စာရင်းရေးစာရင်းကိုင် သက်မွေးပညာ သုံးနှစ်သင်တန်းအတွက် သင်ရိုးညွှန်းတမ်းနှင့် သင်ခန်းစာဖော်ထုတ်ရေး အလုပ်ရုံဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**တက်ရောက်**

အလုပ်ရုံဆွေးနွေးပွဲသို့ ပြည်ထောင်စုဝန်ကြီး ဦးလှမိုး၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ သမဝါယမနှင့် စီမံခန့်ခွဲမှုပညာတက္ကသိုလ် (သန်လျင်၊ စစ်ကိုင်း)တို့မှ ပါမောက္ခချုပ်များ၊ သမဝါယမကောလိပ် (မန္တလေး၊ ဖောင်ကြီး) တို့မှ ကျောင်းအုပ်ကြီးများ၊ ဘာသာရပ်အလိုက် သင်ရိုးညွှန်းတမ်းရေးဆွဲခဲ့သည့် တက္ကသိုလ်/ကောလိပ်များမှ ပါမောက္ခ(ဌာနမှူးများ)နှင့် ဆရာ ဆရာမများ၊ တိုင်းဒေသကြီး/ပြည်နယ် သမဝါယမဦးစီးဌာနငါးခုမှ ညွှန်ကြားရေးမှူးများ၊ သမဝါယမစာရင်းရေးစာရင်းကိုင် သက်မွေးပညာသင်တန်းကျောင်း (မကွေး၊ မန္တလေး၊ တောင်ကြီး၊ မော်လမြိုင်၊ ပုသိမ်)မှ ကျောင်းအုပ်ကြီးများနှင့် ဆရာ ဆရာမများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးလှမိုးက သမဝါယမ စာရင်းရေးစာရင်းကိုင်သက်မွေးပညာသင်တန်းကျောင်းများ(မကွေး၊ မန္တလေး၊ တောင်ကြီး၊ မော်လမြိုင်၊ ပုသိမ်)အဖြစ် ၂၀၂၂ ခုနှစ် ဇွန် ၁၆ ရက်တွင် စတင်ဖွင့်လှစ်ခဲ့ပြီး ယခုဆိုလျှင် သင်တန်းကာလ နှစ်နှစ်ဖြင့် သင်တန်းများကို ဒုတိယအကြိမ်မြောက် ဖွင့်လှစ်ခဲ့ပြီးဖြစ်ကြောင်း၊ သမဝါယမစာရင်းရေးစာရင်းကိုင် သက်မွေးပညာသင်တန်းကျောင်းများကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအောက်ရှိ အထက်တန်းကျောင်းများနှင့် စက်မှုအထက်တန်းကျောင်းများကဲ့သို့ သုံးနှစ်သင်တန်းသို့ တိုးမြှင့်ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း။

လာမည့် ၂၀၂၄–၂၀၂၅ ပညာသင်နှစ်မှစတင်ပြီး အကောင်အထည်ဖော်မည်ဖြစ်သည့်အတွက် သုံးနှစ်တာ သင်ကြားပို့ချမည့် ဘာသာရပ်သင်ခန်းစာများကို စနစ်တကျပြည့်စုံစွာ ရေးဆွဲပြုစုစေလိုကြောင်း၊ စနစ်သစ်ပညာရေးအရ Grade-9 အောင်မြင်ထားသူများကို သင်တန်းသားအဖြစ် လက်ခံဆောင်ရွက်မည်ဖြစ်သည့်အတွက် အဆင်ပြေနိုင်သော သင်ခန်းစာများကို ရွေးချယ်သတ်မှတ်စေလိုကြောင်း၊ သုံးနှစ်သင်တန်းပြီးမြောက်သည့်အခါ Certificate in Business Accounting လက်မှတ်ထုတ်ပေးရန်နှင့် စာရင်းကိုင်ဘာသာရပ်များနှင့် သင်္ချာဘာသာရပ်တို့မှ ဂုဏ်ထူးရရှိပြည့်မီသူများအား သမဝါယမနှင့် စီမံခန့်ခွဲမှုပညာတက္ကသိုလ်များနှင့် သမဝါယမကောလိပ်များတွင် ပေါင်းကူးပညာသင်ယူပြီး ဘွဲ့၊ ဒီပလိုမာများပေးအပ်နိုင်အောင် စီစဉ်မည်ဖြစ်ကြောင်း။

သမဝါယမကောလိပ်အပြင် သမဝါယမနှင့် စီမံခန့်ခွဲမှုပညာတက္ကသိုလ်များသို့ တက်ရောက်ပညာသင်ယူနိုင်ရန် အရည်အချင်းစိစစ်လက်ခံရမည်ဖြစ်ပြီး အောင်မြင်ပြီးသော သင်တန်းသားများအားလုံး အလုပ်အကိုင်ရရှိမည်ဖြစ်ကြောင်း၊ သမဝါယမစာရင်းရေးစာရင်းကိုင် သက်မွေးပညာသင်တန်းကျောင်းများ အနေဖြင့် နိုင်ငံအတွက်တန်ဖိုးရှိသော အနာဂတ်စာရင်းကိုင်ကျွမ်းကျင်သူများကို စဉ်ဆက်မပြတ်မွေးထုတ်ပေးနိုင်သော အားထားရသောကျောင်းများအဖြစ် ရေရှည်တည်တံ့ရပ်တည်နိုင်အောင် ကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းလိုကြောင်း ပြောကြားသည်။

**ဆွေးနွေးတင်ပြ**

ထို့နောက် သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ဆွေးနွေးပွဲကျင်းပရခြင်းနှင့်ပတ်သက်၍ ပြောကြားပြီး သင်ရိုးညွှန်းတမ်းရေးသားပြုစုသော Major ဘာသာရပ်၏ တာဝန်ခံအဖွဲ့ခေါင်းဆောင်များက သင်ရိုးညွှန်းတမ်းနှင့်ပတ်သက်၍ ဆွေးနွေးတင်ပြကြကာ တက်ရောက်လာသူများက အကြံပြုဆွေးနွေးတင်ပြကြသည်။

ယင်းနောက် သမဝါယမနှင့် စီမံခန့်ခွဲမှုပညာတက္ကသိုလ်များမှ ပါမောက္ခချုပ်များက အကြံပြုချက်များကို ဆွေးနွေးပြီး သုံးနှစ်သင်တန်းတွင် သင်ကြားမည့်သင်ခန်းစာများကို ဆွေးနွေးညှိနှိုင်းကြသည်။

သမဝါယမ စာရင်းရေးစာရင်းကိုင်သက်မွေးပညာသင်တန်းကျောင်းများတွင် သင်ကြားပို့ချမည့် သင်ခန်းစာများကို ဖော်ထုတ်ပြုစု၍ ပညာရေးဝန်ကြီးဌာန အမျိုးသားပညာရေးဌာန၏ အမျိုးသားသင်ရိုးညွှန်းတမ်းကော်မတီက အသိအမှတ်ပြုခွင့်ပြုရန် ဆောင်ရွက်မည်ဖြစ်ပြီး သုံးနှစ်သင်တန်းပြီးမြောက်ပါက သတ်မှတ်အရည်အချင်းပြည့်မီသူများအား သမဝါယမကောလိပ်များ၊ သမဝါယမနှင့် စီမံခန့်ခွဲမှုပညာတက္ကသိုလ်များသို့ ပေါင်းကူးဆက်လက်ပညာသင်ကြားနိုင်ရေးနှင့် အလုပ်ခန့်အပ်နိုင်ရေး ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ဒုတိယမြို့တော်ဝန် ဦးညီညီ အခြေခံပညာကျောင်းများ သန့်ရှင်းသာယာလှပရေးဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး

**ရန်ကုန် မေ ၈**

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ အခြေခံပညာကျောင်းများ ဥပဓိရုပ်ကောင်းမွန်ရေးနှင့် သန့်ရှင်းသာယာလှပရေးအတွက် သက်ဆိုင်ရာခရိုင်နှင့်မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများနှင့် စည်ပင်သာယာအုပ်ချုပ်ရေးမှူးတို့က ကြီးကြပ်၍ ဌာနဆိုင်ရာများ၊ လူမှုအဖွဲ့အစည်းများ၊ ပြည်သူများ ပူးပေါင်းအင်အားဖြင့် စဉ်ဆက်မပြတ် စုပေါင်းလုပ်အားပေးများ ဆောင်ရွက်လျက်ရှိသည်။

ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဒုတိယဥက္ကဋ္ဌ ဒုတိယမြို့တော်ဝန် ဦးညီညီ၊ အတွင်းရေးမှူး ဦးညွှန့်ဖေနှင့် ကော်မတီဝင်များ၊ ဌာနမှူးများနှင့် တာဝန်ရှိသူများသည် ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ် (၃၃)ရပ်ကွက် ကျောက်စိမ်းလမ်းရှိအမှတ်(၄)အခြေခံပညာမူလတန်းကျောင်းတွင်လည်းကောင်း၊ ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ် (၁၅)ရပ်ကွက် ခေတ္တာလမ်းရှိ အမှတ်(၂၄) အခြေခံပညာမူလတန်းကျောင်းတွင်လည်းကောင်း၊ ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ် အမှတ်(၂၆) ရပ်ကွက် ပုလဲရတနာလမ်းရှိ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်းတွင်လည်းကောင်း၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း) မြို့နယ် အမှတ်(၉၃) ရပ်ကွက် စိမ်းလဲ့ကန်သာလမ်းရှိအမှတ်(၄)အခြေခံပညာအထက်တန်းကျောင်းနှင့် သာကေတမြို့နယ် ၁/ အနော်မာရပ်ကွက် အနော်မာလမ်းမကြီးရှိ အမှတ်(၁) အခြေခံပညာ မူလတန်းကျောင်းတွင်လည်းကောင်း မြက်ပင်ချုံနွယ်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ ရေနုတ်မြောင်းများ ဆယ်ယူရှင်းလင်းခြင်း၊ သစ်ပင်အောက်တက်များရှင်းလင်းခြင်းနှင့် အုပ်မိုးကိုင်းများ ဖြတ်ညှိပုံသွင်းအလင်းဖွင့်ခြင်း၊ ကျောင်းနံရံနှင့် အုတ်ခြံစည်းရိုးရှိ ရေညှိများ တိုက်ချွတ်ဆေးကြောခြင်း၊ ကျောင်းအဆောက်အအုံခေါင်မိုးများရှိ သစ်ရွက်ကြွေများရှင်းလင်းခြင်း၊ မြေပုံများရှင်းလင်းခြင်း၊ သစ်ရွက်ခြောက်ကြွေများ၊ အမှိုက်၊ သဲ၊ ခဲများ လှည်းကျင်းရှင်းလင်းခြင်း၊ သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးအတွက် ခြင်ခိုအောင်းနိုင်သည့်နေရာများကို ခြင်ဆေးမှုတ်ခြင်း၊ ကျောင်းရှိရေစည်ရေကန်များကို အဘိတ်ဆေးခတ်ခြင်း၊ ဖုံးသွန်လဲစစ်ပြုလုပ်ခြင်း စသည့် စုပေါင်းလုပ်အားပေးဆောင်ရွက်နေမှုကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**





# ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း နေပြည်တော်ရှိ ဝန်ထမ်းအိမ်ရာများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် မေ ၈**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းသည် ယနေ့ညနေပိုင်းတွင် ဒုတိယဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ တာဝန်ရှိသူများနှင့်အတူ ပြည်ထောင်စုနယ်မြေ နေပြည်တော် ဇမ္ဗူသီရိမြို့နယ် မင်္ဂလာသိဒ္ဓိရပ်ကွက်၊ ဘောဂသိဒ္ဓိရပ်ကွက်၊ ဗလသိဒ္ဓိရပ်ကွက်တို့ရှိ အရာထမ်း၊ အမှုထမ်းအိမ်ရာများနှင့် အဆောင်များသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

**မှာကြား**

ကြည့်ရှုစစ်ဆေးစဉ် ပြည်ထောင်စုဝန်ကြီးက ဝန်ထမ်းအိမ်ရာနှင့် အဆောင်များတွင် မသက်ဆိုင်သူများ ဝင်ရောက်နေထိုင်မှုမရှိစေရေး စိစစ်ကြပ်မတ်ရန်၊ ဝန်ထမ်းအိမ်ရာနှင့် အဆောင်နေထိုင်သူများအနေဖြင့် ပတ်ဝန်းကျင်သန့်ရှင်းသာယာလှပရေး ပူးပေါင်းဆောင်ရွက်ရန်၊ တိုက်နံရံနှင့် ခေါင်မိုးများပေါ်တွင် ပေါက်နေသောအပင်များကို ရှင်းလင်းသွားရန်၊ ဝန်ထမ်းအိမ်ရာများတွင် အဆင့်အတန်းမြင့်မြင့် သန့်ရှင်းသပ်ရပ်စွာ နေထိုင်ကြရန်၊ ပူပြင်းသောနွေရာသီကာလသို့ရောက်ရှိလာပြီဖြစ်၍ မီးဘေးအန္တရာယ်မဖြစ်ပွားစေရေး အထူးအလေးထားနေထိုင်ကြရန်နှင့် ရေကို အကျိုးရှိရှိ ချွေတာသုံးစွဲကြရန်၊ နေပြည်တော် စည်ပင်သာယာရေးကော်မတီက သတ်မှတ်ထားသော အိမ်ရာစည်းကမ်းများအတိုင်း တိကျစွာလိုက်နာနေထိုင်ကြရန်နှင့် ဝန်ထမ်းအချင်းချင်း စည်းလုံးညီညွတ်စွာဖြင့် လုံခြုံရေးအသိလုံခြုံရေးသတိရှိရှိ နေထိုင်သွားကြရန် တာဝန်ရှိသူများကို မှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် အိမ်ရာကြီးကြပ်သူ တိုက်တာဝန်ခံများ၊ နေထိုင်သူဝန်ထမ်းများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်ပြီး အိမ်ရာအလိုက် ဝန်ထမ်းမိသားစုများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# "ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ် ထုတ်လွှင့်မည်

**နေပြည်တော် ဧပြီ ၈**

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများကို သဇင် FM ၏ "ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ်မှ "အကြမ်းဖက်သမားများကို အလိုမရှိသော ငြိမ်းချမ်းစွာနေထိုင်လိုသည့် ပြည်သူများ" ခေါင်းစဉ်ဖြင့် ဧပြီ ၁၀ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်သည်။

အလားတူ လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် "ပျော်ရွှင်ဆင်နွှဲ ပြည်သူတို့ရဲ့သင်္ကြန်ပွဲ" ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ်ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၉၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့်ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီး ဖြစ်ပါကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# အကျဉ်းကျခံနေရသူများကို ပြစ်ဒဏ်လွတ်ငြိမ်းခွင့်တွင်ပါမည်ဆိုကာ ငွေကြေးလိမ်လည်မှုများရှိကြောင်း မဟုတ်မမှန်သတင်းများ ဖော်ပြလျက်ရှိ

**နေပြည်တော် ဧပြီ ၈**

မြန်မာနှစ်သစ်မင်္ဂလာ အခါသမယတွင် အကျဉ်းထောင်အသီးသီး၌ အကျဉ်းကျခံနေကြရသော အကျဉ်းသား အကျဉ်းသူများအား ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြုပေးခဲ့ခြင်းများအပေါ် အကြောင်းပြုပြီး ယခုရက်ပိုင်းတွင် အကျဉ်းသားများ၏ မိသားစုဝင်များထံသို့ နိုင်ငံတော်၏ လွတ်ငြိမ်းချမ်းသာခွင့်တွင်ပါဝင်ရန် ငွေကြေးပေးရမည်ဟုဆိုပြီး ဖုန်းဆက်ကာ လိမ်လည်မှုများရှိကြောင်း ယနေ့ခေတ်အမည်ခံ Facebook Page တွင် မဟုတ်မမှန်သတင်းများ ဖော်ပြထားသည်ကို တွေ့ရသည်။

အကျဉ်းထောင်အသီးသီး၌ အကျဉ်းကျခံနေကြရသော အကျဉ်းသား အကျဉ်းသူများအား ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပေးမည်ဆိုပါက အကျဉ်းသားများ စိစစ်ရေးအဖွဲ့က ပြစ်ဒဏ်လွတ်ငြိမ်းခွင့်၊ လွတ်ငြိမ်းချမ်းသာခွင့်၊ လွတ်ငြိမ်းသက်သာခွင့်ပေးနိုင်ရေးအတွက် လျော်ကန်သင့်မြတ်မှုရှိသည့် နိုင်ငံသား၊ နိုင်ငံခြားသား အကျဉ်းသား အကျဉ်းသူများအား စိစစ်ရွေးချယ်ခြင်း၊ ထိုသို့စိစစ်ရွေးချယ်ရာတွင် မည်သည့်အဖွဲ့အစည်း၊ မည်သည့်လူပုဂ္ဂိုလ်တို့၏ပယောဂများ၊ တိုက်တွန်းချက်များကြောင့် မဟုတ်ဘဲ ဘက်လိုက်မှုကင်းသောမူဝါဒများနှင့်အညီ လွှတ်ပေးသင့်၊ လွှတ်ပေးထိုက်သူများကိုသာ စိစစ်ရွေးချယ် ဆောင်ရွက်ခြင်းသာဖြစ်ကြောင်း။

လွတ်ငြိမ်းချမ်းသာခွင့်ပေးခြင်း/ မပေးခြင်း၊ မည်သည့်ပုဒ်မ/ ပြစ်ဒဏ် ကျခံနေရသူများ ပါဝင်သည်ကို ကြိုတင်မသိနိုင်သည့်အတွက် လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်က ပြစ်ဒဏ်ကျ အကျဉ်းသားများ၏ မိသားစုများထံသို့ တယ်လီဖုန်းဖြင့်ဆက်သွယ်ပြီး ပြစ်ဒဏ်လွတ်ငြိမ်းခွင့်တွင် ထည့်သွင်းပေးမည်ဟု ပြောဆို၍ ငွေကြေးတောင်းခံလာပါက အလွယ်တကူ ယုံကြည်မှုမရှိကြရန် လိုအပ်ကြောင်း အကျဉ်းဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ယင်းကိစ္စအား လူကိုယ်တိုင်၊ တယ်လီဖုန်း၊ တစ်နည်းနည်းဖြင့် ဆက်သွယ်ပြောဆို၍ ငွေကြေးတောင်းခံလာပါက သက်ဆိုင်ရာသို့ အကြောင်းကြားပြီး လိမ်လည်ငွေကြေးတောင်းခံသည့် တရားခံအား အမြန်ဆုံးစိစစ်ဖော်ထုတ်အရေးယူနိုင်ရေး ပူးပေါင်းပါဝင်ကြရန် အကျဉ်းဦးစီးဌာနက တိုက်တွန်းထားသည်။

ပြစ်ဒဏ်လွတ်ငြိမ်းချမ်းသာခွင့်တွင် ပါဝင်လွတ်မြောက်နိုင်ရေးမှာ အဓိကအားဖြင့် ယင်းအကျဉ်းသား အကျဉ်းသူ၏ ပြစ်မှုကျူးလွန်စဉ်က ဆိုးရွားသောရည်ရွယ်ချက်ဖြင့် ဆောင်ရွက်ခဲ့သူမဟုတ်ခြင်း၊ လွတ်မြောက်သွားပါက နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းမှ ပါဝင်ဆောင်ရွက်မည့်သူများဖြစ်ခြင်း၊ နိုင်ငံတော်အကြီးအကဲကလည်း မေတ္တာကရုဏာကြီးမားစွာဖြင့် စေတနာထားရှိခြင်းတို့အပေါ် အခြေခံ၍ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပေးခြင်းဖြစ်ကြောင်း အကျဉ်းဦးစီးဌာနမှ သိရသည်။

ယနေ့ခေတ်အမည်ခံ Facebook Page ဖော်ပြထားသည့် သတင်းမှာ အကျဉ်းထောင်၏ လုပ်ထုံး၊ လုပ်နည်း၊ ဥပဒေ၊ နည်းဥပဒေများကို မျက်ကွယ်ပြု၍ ပြည်သူများ ထင်ယောင်ထင်မှားဖြစ်စေရန် လုပ်ကြံဖန်တီးရေးသားဖော်ပြထားခြင်းသာ ဖြစ်သည်။

**ရီရီသင်း**

# ကော့မှူးမြို့နယ်၌ မျိုးစေ့ချကိရိယာဖြင့် စိုက်ပျိုးထားသော နွေစပါးစံကွက်ရိတ်သိမ်း

**ကော့မှူး ဧပြီ ၈**

ရန်ကုန်တိုင်းဒေသကြီး ကော့မှူးမြို့နယ်တွင် မျိုးစေ့ချကိရိယာဖြင့် စိုက်ပျိုးထားသော နွေစပါးစံကွက်ရိတ်သိမ်းပွဲကို ယနေ့နံနက် ၇ နာရီတွင် မကျီးတန်းရပ်ကွက်ကွင်းအမှတ်(၂၈၃) ဦးပိုင်အမှတ်(က-၆/၄) လာပလိန်းကွင်းရှိ တောင်သူ ဒေါ်ခင်ဝင်းနုပိုင် လယ်မြေ၌ ကျင်းပသည်။

**ကြည့်ရှုအားပေး**

ဦးစွာ တွံတေးခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးထင်ကျော်နှင့် အဖွဲ့ဝင်များ၊ ကော့မှူးမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်ဒေဝနှင့် အဖွဲ့ဝင်များ၊ တောင်သူများက အဆိုပါလယ်၌ စပါးရိတ်သိမ်းခြွေလှေ့စက်ဖြင့် စပါးရိတ်သိမ်းမှုနှင့် ရိတ်သိမ်းပြီးစပါးများ ချိန်တွယ်နေမှုတို့ကို ကြည့်ရှုအားပေးသည်။

ထို့နောက် မြို့နယ်စက်မှုလယ်ယာဦးစီးဌာနမှ ဝန်ထမ်းများက မျိုးစေ့ချကိရိယာဖြင့် စပါးတိုက်ရိုက်အစေ့ချနေမှုတို့ကို လက်တွေ့သရုပ်ပြခဲ့ကြောင်း သိရသည်။

**ကျော်သူရ(ကော့မှူး)**



# ကျောင်းကုန်းမြို့၌ အခြေခံစာတတ်မြောက်ရေးလုပ်ငန်း စာသင်ဝိုင်းများတွင် သင်ကြားနေမှုများအား ကြည့်ရှုအားပေး

**ကျောင်းကုန်း ဧပြီ ၈**

ဧရာဝတီ တိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ်၌ ယနေ့တွင် ကျေးလက်နေ ပြည်သူများနှင့် တိုင်းရင်းသားပြည်သူများ စာတတ်မြောက်ရေး၏ ကဏ္ဍတစ်ခုဖြစ်သည့် အခြေခံစာတတ်မြောက်ရေးလုပ်ငန်း ဆောင်ရွက်လျက်ရှိသော အမှတ်(၁)ရပ်ကွက် မြင်းလမ်းကုန်း စာသင်ဝိုင်းနှင့် ကံ့ကော် စာသင်ဝိုင်းများသို့ သွားရောက်၍ စာသင်သားများ သင်ကြားနေမှုများကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစိုးဝင်းနှင့်အဖွဲ့ဝင်(၁) ဗိုလ်မှူးနေဝင်းနောင်၊ ဒုတိယ မြို့နယ်ပညာရေးမှူး ဦးသက်ဦး၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ယဉ်ယဉ်မြင့်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း အတွင်းရေးမှူး ဒေါ်ခင်နေနွယ်စံနှင့်အဖွဲ့ဝင်များက လိုက်လံကြည့်ရှုအားပေးကာ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။



**စာသင်သား ၆၆၆ ဦး**

ကျောင်းကုန်း မြို့နယ်တွင် အခြေခံ စာတတ်မြောက်ရေးအတွက် နည်းပြဆရာ ၇၂ ဦးမှ စာသင်ဝိုင်း ၇၂ ဝိုင်းဖြင့် စာသင်သား ၆၆၆ ဦး တက်ရောက်သင်ယူလျက်ရှိပြီး ဧပြီ ၈ ရက်မှ မေ ၂၀ ရက်ထိ တစ်ရက်လျှင် ပျမ်းမျှ သုံးနာရီနှုန်းဖြင့် ရက်ပေါင်း ၄၀၊ နာရီပေါင်း ၁၂၀ ကြာ သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ဝင်းကြိုင်(ပြန်/ဆက်)**

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၉-၄-၂၀၂၄ အင်္ဂါနေ့

**MRTV HD**

၀၆:၀၀ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်နှင့်အဖွဲ့၏မေတ္တသုတ်၊ ရတနသုတ်၊ တောမျှော်သုတ်၊ အန္တရာယ်ကင်းပရိတ် တရားတော်
၀၇:၀၀ နံနက်ခင်းသတင်း
၀၈:၃၅ ကျောက်တွင်းချေးကျက်သရေ…နမ်းဟုတ်အဌေ
၀၉:၁၅ ထူးခြားစုံလင်အာရှပစိဖိတ်အစီအစဉ်
၀၉:၃၀ ဒါသကြိုနှံ အဆို၊ အကများ
၀၉:၄၀ Sports Diary
၁၀:၀၀ သတင်းထဲကသတင်း
၁၀:၃၀ သာဝတ္ထိစမတောင် အလှဆောင်တဲ့ ဉယျာဉ်နန်းက မေတ္တာပန်းကလေးများ
၁၂:၃၅ နိုင်ငံခြားဇာတ်လမ်းတွဲ 'ဆုတောင်းပြည့်ကြယ်တာရာစတာလာ' (အပိုင်း-၄၉)
၁၃:၃၀ MRTV National News
၁၄:၀၀ နိုင်ငံခြားဇာတ်လမ်းတွဲ 'ချစ်သူအနားကချစ်လိပ်ပြာ' (အပိုင်း-၂၀)
၁၅:၂၅ Weekly MNL Review
၁၆:၃၅ ကမ္ဘာတစ်လွှားအနုပညာသတင်းများ
၁၇:၁၀ ဒေသတစ်ခုထုတ်ကုန်တစ်မျိုး
၁၇:၂၅ သံစဉ်ဝေဖြာစတီရီယိုတေးကမ္ဘာ
၁၈:၀၀ ပြည်တွင်းသတင်း
၁၈:၃၅ ဒါသကြိုနှံ အဆို၊ အကများ
၁၉:၁၀ နိုင်ငံခြားဇာတ်လမ်းတွဲ 'ချစ်သူအနားကချစ်လိပ်ပြာ' (အပိုင်း-၃၀)
၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
၂၁:၀၀ ဒါသကြိုနှံ အဆို၊ အကများ
၂၁:၃၀ နိုင်ငံခြားဇာတ်လမ်းတွဲ 'တော်ဝင်တားပွဲ' (အပိုင်း-၂၀)
၂၂:၁၅ မြန်မာဇာတ်လမ်းတွဲ 'ပိန်းကြာပတ်၌တင်သောရေ' (အပိုင်း-၁၃)

**mitv**

07:02 Evergreen Classic: Than Thayar Kayee Thel (Ei Ei Chon)
07:08 Journey To The Mogok (Part-2)
07:35 Let's Taste Delicious Insects: Red Ant Spaghetti & Crickets, Soy Chips & Fragrant Root Curry
08:01 News
08:26 Asia Updates: Embracing Talent
08:30 Myanmar Traditional Snacks (Shwe Yin Aye)
08:36 Myanmar Childhood Games (Episode-3)
08:46 Thingyan Songs & Dances
09:01 His Life and His Art: Myanmarpyi Thein Tan- The Legendary Musician (Epi- 6) 1989~Up to Now
09:36 Discovering Tribes: Taung Yoe (Their Life and Customs)
10:01 News
10:26 Topical Topics (No. 15) Dream Brighter Future & Turn Out Qualified Skilled Workers

**MRTV NRC**

**ရှမ်း (၀၆:၀၀ မှ ၀၈:၀၀)** ထိန်းသိမ်းအစဉ်အလာတို့ဓလေ့ရိုးရာ
**ဝ (၀၈:၀၀ မှ ၁၀:၀၀)** 'ဝ' ရိုးရာခေါင်းပုတ်ထောင်းနည်း
**ကချင် (၁၀:၀၀ မှ ၁၂:၀၀)** လချိဒ်ရိုးရာဝတ်စုံဝတ်ဆင်ပုံ
**ကယား (၁၂:၀၀ မှ ၁၄:၀၀)** အစာသည်ဆေး ဆေးသည်အစာ အစားမှားရင်တော့ဘေး
**ဝကေကရင် (၁၄:၀၀ မှ ၁၅:၀၀)** ကရင်ရိုးရာဝတ်စုံလက်ရက်ကန်းလုပ်ငန်း
**အနောက်ပိုးကရင် (၁၅:၀၀ မှ ၁၆:၀၀)** ဧရာဝတီရဲ့အရိုင်းဆန်တဲ့အလှဂေါ်ရန်ဂျီ (အပိုင်း-၂)
**အရှေ့ပိုးကရင် (၁၆:၀၀ မှ ၁၇:၀၀)** မြူးကြွတေးသံ NRC သကြိုန် (အပိုင်း-၃)
**ချင်း (ဖလမ်း) (၁၇:၀၀ မှ ၁၈:၀၀)** သစ်သီးအခေါ်အဝါများ (အပိုင်း-၂)
**ချင်း (ချိုး) (၁၈:၀၀ မှ ၁၉:၀၀)** လေးကြိုးပြုလုပ်ခြင်း
**မွန် (၁၉:၀၀ မှ ၂၁:၀၀)** အရပ်ရှစ်မျက်နှာဦးချသူများ
**ရခိုင် (၂၁:၀၀ မှ ၂၃:၀၀)** ဒေသတစ်လွှားစိတ်ဝင်စားဖွယ်ရာများ (အပိုင်း-၁၇)

**MRTV NEWS**

၀၆:၀၀ အဖွင့်၊ တေးသီချင်း
၀၆:၄၀ အားကစားသတင်း
၀၈:၄၅ ECONOMIC REVIEW
၀၉:၃၀ နိုင်ငံတကာသတင်း (LIVE)
၁၀:၄၅ အသိပညာနှင့်အမှန်တရား
၁၁:၀၀ ပြည်တွင်းသတင်း (LIVE)
၁၄:၀၀ MRTV National News
၁၅:၀၀ ပြည်တွင်းသတင်း (LIVE)
၁၉:၀၀ ပြည်တွင်းသတင်း (LIVE)
၂၀:၀၀ ပြည်တွင်းသတင်း (LIVE)
၂၀:၃၀ နိုင်ငံတကာသတင်း (LIVE)
၂၃:၀၀ ပြည်တွင်းသတင်း (LIVE)

**MRTV PARLIAMENT**

၀၉:၀၀ အဖွင့်၊ အလံ
၀၉:၁၅ ပြည်သူ့စစ်မှုထမ်းဥပဒေကျင့်သုံးနေသော နိုင်ငံများအကြောင်းသိကောင်းစရာများ (ရုရှားနိုင်ငံ)
၀၉:၃၀ ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'အရိပ်တကြည့်ကြည့်'
၁၀:၀၀ ပြည်သူ့စစ်မှုထမ်းဥပဒေကျင့်သုံးနေသော နိုင်ငံများအကြောင်းသိကောင်းစရာများ (စစ်မှုထမ်းဥပဒေမကျင့်သုံးသေးတဲ့နိုင်ငံများအကြောင်း)
၁၀:၃၀ နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း (ကိုရီးယားနိုင်ငံ) (အပိုင်း-၁)
၁၁:၀၀ ရှေ့သို့ချီမည်…ပန်းတိုင်ဆီ (အပိုင်း-၁၅)

**MRTV FARMERS' Channel**

၀၆:၀၀ အဖွင့်၊ နိုင်ငံတော်သီချင်း
၀၆:၁၀ နိုင်ငံ့စီးပွားတိုးတက်ဖို့ MSMEလုပ်ငန်းများ အားပေးစို့
၀၇:၀၀ တောင်သူလယ်သမားရေးရာသတင်း
၁၈:၀၀ အချေအတင် (ဇာတ်လမ်း)
၁၉:၃၀ How American Farmers Raise Millions of Poultry In the Pasture - Chicken Farming
၂၂:၀၀ Last Day of Wheat Harvest!
၂၃:၀၀ A visit to Wambugu Apples Farmer in Kilimambogo

**MRTV SPORTS**

၀၆:၀၀ အဖွင့်
၀၆:၂၀ လူငယ်တို့အတွက်လမ်းပြကြယ်
၀၆:၄၅ Sports Diary
၁၆:၃၀ MNL 2022 Match (Replay)
၁၈:၀၀ အားကစားသတင်း
၁၉:၁၀ ကန္တာရထဲကအိုအေစစ်

MRTV Application

Android iOS Huawei

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း ထုတ်လွှင့်ပြသလျက်ရှိပါသည်။

https://mrtv.gov.mm

## မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ်ရှိ “လင်းလက်ဝါ” ရွှေပန်းထိမ်ဆိုင်အား လုယက်မှုကျူးလွန်ခဲ့သူ တရားခံအမျိုးသားခုနစ်ဦးအား ဖော်ထုတ်ဖမ်းဆီးရမိ

**နေပြည်တော် ဧပြီ ၈**

မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် ၂၂ လမ်းနှင့် ၈၉ လမ်းထောင့်ရှိ “လင်းလက်ဝါ”ရွှေပန်းထိမ်ဆိုင်သို့ လုံခြုံရေးတပ်ဖွဲ့ဝင်များ ပုံသဏ္ဌာန်အသွင်ယူဝတ်ဆင်ထားသည့် အမျိုးသားလေးဦးသည် အဖြူရောင်ယာဉ်တစ်စီးနှင့်အတူ မတ် ၂၈ ရက် ညနေ ၅ နာရီ ၁၁ မိနစ်တွင် ရောက်ရှိလာပြီး နေအိမ်အတွင်းသို့ ဝင်ရောက်ကာ ဧည့်စာရင်းစစ်ရန်နှင့် လူများစစ်ဆေးရန်ရှိကြောင်း ပြောဆို၍ အိမ်ရှင်များအား တွန်းထိုးရိုက်နှက်ပြီး နေအိမ်အပေါ်ထပ်ရှိ အခန်းများကို လိုက်လံပြသခိုင်းကာ နေအိမ်တတိယထပ်ရှိ ရွှေထည်ပစ္စည်းများထားသည့် မီးခံသေတ္တာအားဖွင့်ခိုင်း၍ အဆိုပါမီးခံသေတ္တာအတွင်းမှ ရွှေထည်ပစ္စည်းမျိုးစုံ အလေးချိန် နှစ်ပိဿာခွဲခန့်၊ ကာလတန်ဖိုးငွေကျပ် သိန်းတစ်သောင်းကျော်ခန့်ကို လုယက်ယူဆောင်သွားခဲ့သဖြင့် တရားခံများဖမ်းဆီးရမိနိုင်ရေး အောင်မြေသာစံမြို့နယ် အမှတ်(၅) မြို့မရဲစခန်းတွင် ရာဇသတ်ကြီးပုဒ်မ ၃၉၄/၁၁၄ ဖြင့် အမှုရေးဖွင့်ဆောင်ရွက်ခဲ့သည်။



အောင်မြေသာစံမြို့နယ် အမှတ်(၅) မြို့မရဲစခန်း (ပ)၅၁/၂၀၂၄ ရာဇသတ်ကြီးပုဒ်မ-၃၉၄/၁၁၄ အမှုမှ ပြစ်မှုကျူးလွန်သူတရားခံများနှင့် သိမ်းဆည်းရမိသည့် သက်သေခံပစ္စည်းများ၏ မှတ်တမ်းဓာတ်ပုံ။

**ဖမ်းဆီးရမိ**

ပြစ်မှုကျူးလွန်သူများကို ဖော်ထုတ်ဖမ်းဆီးရမိနိုင်ရေး လုံခြုံရေးရဲတပ်ဖွဲ့ဝင်များက နေ့၊ ညမပြတ် သတင်းရယူစုံစမ်းထောက်လှမ်းခြင်း၊ ခေတ်မီနည်းပညာအကူအညီများ ရယူအသုံးပြုခြင်း၊ တရားဥပဒေစိုးမိုးရေးနှင့် အေးချမ်းတည်ငြိမ်စွာနေထိုင်လိုသော ပြည်သူများ၏ ပူးပေါင်းပါဝင်မှုကြောင့် ပြစ်မှုကျူးလွန်သည့် တရားခံလေးဦးတွင် ပါဝင်သူ ပုသိမ်ကြီးမြို့နယ် အောင်သုခရပ်ကွက်နေ မြတ်သူအောင် ၂၄ နှစ် (ဘ)ဦးအောင်ဌေးကို ဧပြီ ၇ ရက် ည ၁၂ နာရီခွဲတွင် ၎င်း၏နေအိမ်တွင် တွေ့ရှိဖမ်းဆီးရမိခဲ့သည်။


ဖမ်းဆီးရမိသူ တရားခံမြတ်သူအောင်၏ ထွက်ဆိုချက်အရ ပြစ်မှုကျူးလွန်ရာတွင် ပါဝင်သူ ပုသိမ်ကြီးမြို့နယ် နတ်စိမ်းကျေးရွာနေ စိုးမိုးဦး ၂၄ နှစ် (ဘ)ဦးမြင့်လင်း၊ ပန်းထိမ်လုပ်ငန်းလုပ်ကိုင်သူကို ဧပြီ ၈ ရက် နံနက် ၁ နာရီ ၄၅ မိနစ်တွင်လည်းကောင်း၊ တစ်ရွာတည်းနေ ညီထူးအောင်(ခ)ညီညီ ၂၃ နှစ် (ဘ)ဦးအောင်ကျော်၊ ကျပန်းလုပ်ကိုင်သူကို နံနက် ၂ နာရီတွင်လည်းကောင်း၊ ပုသိမ်ကြီးမြို့နယ် ကံကွဲကျေးရွာနေ မျိုးကို(ခ) မျိုးကိုကို(ခ) အားကွေ့ ၂၅ နှစ် (ဘ)ဦးအောင်ငွေ၊ ပန်းထိမ်လုပ်ငန်းလုပ်ကိုင်သူကို နံနက် ၂ နာရီ ၁၅ မိနစ်တွင်လည်းကောင်း ၎င်းတို့၏နေအိမ်များတွင် ဖမ်းဆီးရမိခဲ့သည်။

**ထပ်မံဖော်ထုတ်ဖမ်းဆီး**

ဖမ်းဆီးရမိတရားခံများ၏ ထွက်ဆိုချက်များအရ “လင်းလက်ဝါ” ရွှေပန်းထိမ်ဆိုင်အား လုယက်၊ ဓားပြတိုက်ရန် သတင်းပေးခဲ့သူ အောင်မြေသာစံမြို့နယ် ဌာနေအရှေ့ရပ်ကွက် အကွက်(၂၁) ဘုရားငါးဆူဝင်းနေ ကိုကိုနိုင်(ခ)ကိုနိုင် ၄၂ နှစ် (ဘ)ဦးအောင်ခင်၊ ရွှေပန်းထိမ်လုပ်ငန်းလုပ်ကိုင်သူကို နံနက် ၉ နာရီ ၁၅ မိနစ်တွင်လည်းကောင်း၊ လုယက်၊ ဓားပြတိုက်ရာမှ ရရှိလာသည့် ရွှေထည်ပစ္စည်းများကို ကော်ခွာခြင်း၊ ရွှေအရည်ကျိုခြင်းများ ကူညီလုပ်ကိုင်ပေးသူ ပုသိမ်ကြီးမြို့နယ် နတ်စိမ်းကျေးရွာနေ မင်းမင်းစိုး(ခ)တုတ်ကြီး ၂၃ နှစ် (ဘ)ဦးကြည်သန်း လက်သမားလုပ်ကိုင်သူကို နံနက် ၉ နာရီ မိနစ် ၄၀ တွင်လည်းကောင်း၊ ရွှေပန်းထိမ်ဆိုင်အား လုယက်၊ ဓားပြတိုက်ရန်အတွက် ကိုကိုနိုင်(ခ)ကိုနိုင်ကို မြတ်သူအောင်နှင့် ချိတ်ဆက်တွေ့ဆုံပေးပြီး လုယက်၊ ဓားပြတိုက်ရာတွင် အသုံးပြုခဲ့သည့် လိုင်စင်မဲ့ယာဉ်နှင့် သေနတ်ဝယ်ယူပေးသူ၊ ချမ်းမြသာစည်မြို့နယ် ထွန်းတုံးရပ်ကွက်နေ ထက်လှိုင်(ခ)ကိုလှိုင်ကြီး၊ ကားအရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူကို နံနက် ၁၀ နာရီခွဲတွင်လည်းကောင်း ၎င်းတို့၏ နေအိမ်များ၌ ထပ်မံဖော်ထုတ်ဖမ်းဆီးရမိခဲ့သည်။

ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးကို လိုလားသည့် ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှု၊ လုံခြုံရေးရဲတပ်ဖွဲ့ဝင်များ၏ နေ့၊ ညမပြတ် ကြိုးပမ်းဆောင်ရွက်မှုတို့ကြောင့် အမှုမှ တရားခံ မြတ်သူအောင်၊ စိုးမိုးဦး၊ ညီထူးအောင်(ခ) ညီညီ၊ မျိုးကို(ခ)မျိုးကိုကို(ခ)အားကွေ့၊ မင်းမင်းစိုး(ခ)တုတ်ကြီး၊ ကိုကိုနိုင်(ခ) ကိုနိုင်နှင့် ထက်လှိုင်(ခ)ကိုလှိုင်ကြီးတို့ ခုနစ်ဦးကို ပြစ်မှုဖြစ်ပွားပြီး ၁၂ ရက်အတွင်း ဖော်ထုတ်ဖမ်းဆီးရမိခဲ့ပြီး ၎င်းတို့ထံမှပါဆုံးသက်သေခံ ရွှေထည်ပစ္စည်းများနှင့် ပြစ်မှုကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် Mark II 99 အဖြူရောင် ယာဉ်တစ်စီး၊ ပစ္စတိုသေနတ် တစ်လက်တို့ကို သိမ်းဆည်းရမိခဲ့ပြီး ပြစ်မှုကျူးလွန်သူ တရားခံများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်နိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**




အောင်မြေသာစံမြို့နယ် အမှတ်(၅) မြို့မရဲစခန်း (ပ)၅၁/၂၀၂၄ ရာဇသတ်ကြီးပုဒ်မ-၃၉၄/၁၁၄ အမှုမှ ပြစ်မှုကျူးလွန်သူတရားခံများ

## အမျိုးသမီးများကို ပြည့်တန်ဆာအလုပ် အတင်းအဓမ္မခိုင်းစေကာ ငွေကြေးအကျိုးအမြတ် ခေါင်းပုံဖြတ်ရယူခဲ့သူများကို လူကုန်ကူးမှုဖြင့် အလုပ်နှင့်ထောင်ဒဏ်ချမှတ်

**နေပြည်တော် ဧပြီ ၈**

အမျိုးသမီးများကို ပြည့်တန်ဆာအလုပ် အတင်းအဓမ္မခိုင်းစေကာ ငွေကြေးအကျိုးအမြတ် ခေါင်းပုံဖြတ်ရယူခဲ့သူများကို လူကုန်ကူးမှုဖြင့် အလုပ်နှင့် ထောင်ဒဏ် ၁၁ နှစ်စီ ချမှတ်ခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

**အတင်းအဓမ္မခိုင်းစေ**

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ်နေ ဒေါ်မိုးမိုးသူဇာထွေးနှင့် ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ်နေ ဒေါ်ခင်စန်းမြင့်(ခ) အမိုးတို့က လှိုင်သာယာမြို့နယ်နေ မ---၊ ၂၀/၂၃ နှစ်နှင့် ရွှေပြည်သာမြို့နယ်နေ မ ---၊ ၂၄/၂၃ နှစ်၊ မ----၊ ၂၃/၂၃ နှစ်တို့ကို မြိတ်မြို့ရှိ KTV တွင် အလုပ်လုပ်ကိုင်ပါက တစ်နာရီလျှင် ငွေကျပ် ၅၀၀၀ ရမည်ဟု ပြောဆိုစည်းရုံးကာ KTV တွင်လုပ်ကိုင်ရခြင်းမရှိဘဲ ပြည့်တန်ဆာအလုပ်အား အတင်းအဓမ္မခိုင်းစေကာ ငွေကြေးအကျိုးအမြတ်များ ခေါင်းပုံဖြတ်ရယူခဲ့သဖြင့် မြိတ်မြို့မရဲစခန်းက လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၃၅ ဖြင့် အမှုရေးဖွင့်ခဲ့ပြီး မြိတ်ခရိုင် တရားရုံးသို့ တရားစွဲတင်ပို့ခဲ့ရာ ဧပြီ ၅ ရက်တွင် တရားခံ ဒေါ်မိုးမိုးသူဇာထွေးနှင့် ဒေါ်ခင်စန်းမြင့်(ခ) အမိုးတို့ကို လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၃၅ အရ အလုပ်နှင့် ထောင်ဒဏ် ၁၁ နှစ်စီ ချမှတ်ခဲ့ကြောင်း သိရသည်။

ထို့အတူ ရှမ်းပြည်နယ် တောင်ကြီးမြို့နေ မ ---၊ ၃၆/၂၃ နှစ်နှင့် မ---၊ ၃၅/၂၃ နှစ်တို့ နှစ်ဦးသည် အွန်လိုင်းမှ အလုပ်ကြော်ငြာတွေ့၍ ကျိုင်းတုံသို့ သွားရောက်ခဲ့ရာမှ ကျိုင်းတုံမြို့နေ မချောစုလှိုင် ဖွင့်လှစ်ထားသော KTV ဆိုင်နှင့်“ဝ”အထူးဒေသ(၄) ကျိုင်းယဲန်းမြို့ရှိ နေအိမ်၌ ပြည့်တန်ဆာအလုပ်တို့ကို အဓမ္မခိုင်းစေ၍ လုပ်ကိုင်ခဲ့ရပြီး လုပ်အားခများခေါင်းပုံဖြတ်ခံခဲ့ရသဖြင့် ကျိုင်းတုံမြို့မ ရဲစခန်းက လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ-၃၈(က)/၄၄ဖြင့် အမှုရေးဖွင့်၍ ကျိုင်းတုံခရိုင် တရားရုံးသို့ တရားစွဲတင်ပို့ခဲ့ရာ ဧပြီ ၅ ရက်တွင် တရားခံ မချောစုလှိုင်ကို လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၃၅ အရ အလုပ်နှင့်ထောင်ဒဏ် ၁၁ နှစ် ချမှတ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ပဲခူးတိုင်းဒေသကြီး မင်းလှမြို့နယ်နှင့် အုတ်ဖိုမြို့နယ်တို့မှ လမ်းသွားလမ်းလာပြည်သူများကို စစ်မှုထမ်းဆောင်ရန် ပေါ်တာဆွဲဖမ်းဆီးနေကြောင်း သတင်းတု၊ သတင်းအမှားများ မဟုတ်မမှန်ရေးသားဖြန့်ဝေလျက်ရှိ

**နေပြည်တော် ဧပြီ ၈**

ပဲခူးတိုင်းဒေသကြီး မင်းလှမြို့နယ် စစ်ကွင်းမြို့တွင် ဧပြီ ၇ ရက်က လမ်းသွားလမ်းလာပြည်သူ ၁၀ ဦးနှင့် အုတ်ဖိုမြို့နယ် အရှေ့ချောင်းဝကျေးရွာမှ နွားကျောင်းသား သုံးဦး၊ လမ်းသွားလမ်းလာပြည်သူ နှစ်ဦးတို့ကို လုံခြုံရေးတပ်ဖွဲ့ဝင်များက စစ်မှုထမ်းဆောင်ရန် ဖမ်းဆီးခေါ်ဆောင်သွားကြောင်း သတင်းတု၊ သတင်းအမှားများကို တရားမဝင်ပြည်ဖျက် မီဒီယာ




Khit Thit က အထင်အမြင်လွဲမှားဖွယ် လုပ်ကြံရေးသားဖြန့်ဝေနေသည်ကို ဝမ်းနည်းဖွယ် တွေ့ရှိရသည်။

**ဖမ်းဆီးခေါ်ဆောင်ခြင်းမရှိ**

အဆိုပါသတင်းမှာ မှန်ကန်မှုမရှိကြောင်း၊ ပဲခူးတိုင်းဒေသကြီးအတွင်းရှိ မြို့ရွာများတွင် အကြမ်းဖက်သောင်းကျန်းသူများ ဝင်ရောက်လှုပ်ရှားမှုမရှိစေရန်အတွက် နယ်မြေလုံခြုံရေးဆောင်ရွက်ခြင်း၊ လှည့်ကင်းပတ်ကင်း ဆောင်ရွက်ခြင်းများသာ လုပ်ဆောင်လျက်ရှိပြီး လမ်းသွားလမ်းလာပြည်သူများကို ဖမ်းဆီးခေါ်ဆောင်ခြင်းမရှိကြောင်း လုံခြုံရေးတာဝန်ရှိသူတစ်ဦး၏ပြောကြားချက်အရ သိရသည်။

**ဝါဒဖြန့်လှုံ့ဆော်နေခြင်းသာဖြစ်**

ထိုသို့ တရားမဝင်ပြည်ဖျက်မီဒီယာများနှင့် ရပ်ရွာအေးချမ်းသာယာရေးကို မလိုလားသူများက မိဘပြည်သူများ၊ လူငယ်လူရွယ်များကို စိုးရိမ်ထိတ်လန့်စေရန်အတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် အုပ်ချုပ်ရေးအဖွဲ့အစည်းများက စစ်မှုထမ်းရန် ပေါ်တာဆွဲခြင်း၊ လမ်းသွားလမ်းလာများကို ဖမ်းဆီးခြင်း စသည့် ကောလာဟလသတင်းအမှားများဖြင့် ဝါဒဖြန့်လှုံ့ဆော်နေခြင်းသာဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

ဥပဒေဘောင်အတွင်း နေထိုင်ခြင်း ဘေးကင်းရန်ကွာ လွန်ချမ်းသာ။

# ဥပုသ်ဆောက်တည်နေသော အစ္စလာမ်ဘာသာဝင်ဥပုသ်သည်များအတွက် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က အာဟာရဖြည့်စွက်စာများ သွားရောက်လှူဒါန်း

**ရန်ကုန် ဧပြီ ၈**

ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ၊ တိုင်းဒေသကြီး သာသနာရေးဦးစီးမှူး၊ ခရိုင်၊ မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများနှင့်တာဝန်ရှိသူများသည် ယနေ့ညပိုင်းက ရမ်ဇန်လမြတ်ကာလတွင် ဥပုသ်ဆောက်တည်နေသော အစ္စလာမ်ဘာသာဝင် ဥပုသ်သည်များအတွက် အာဟာရဖြည့်စွက်စာများကို သွားရောက်လှူဒါန်းကြသည်။

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် အစ္စလာမ်ဘာသာဝင် ဥပုသ်သည်များရှိရာ ပန်းဘဲတန်းမြို့နယ် အမှတ်(၁၀)ရပ်ကွက် ဗိုလ်ဆွန်ပက်လမ်းရှိ ကျိုလီယာဂျာမေဗလီသို့ရောက်ရှိရာ ဗလီဂေါပကအဖွဲ့ ဥက္ကဋ္ဌ ဟာရ်ဂျီဂျမား (ခ)ဦးအောင်သိန်းနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြပြီး ဥပုသ်ဆောက်တည်နေသော အစ္စလာမ်ဘာသာဝင် ဥပုသ်သည်များ၏ ဥပုသ်ဝင်ရောက်မှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။



ထို့နောက် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က လှူဒါန်းသော အာဟာရဖြည့်စွက်စာအဖြစ် သစ်သီးမျိုးစုံနှင့် ရှိုင်ရယ်ဒီဘူးများကို ဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များက ဥပုသ်ဆောက်တည်ပြီး ဥပုသ်ဖြေနေသော အစ္စလာမ်ဘာသာဝင်ဥပုသ်သည် ၇၀၀ အား တစ်ဦးချင်းလိုက်လံပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ ဥပုသ်သည်များအတွက် တစ်နေ့တာဖြည့်စွက်စာအဖြစ် အလှူငွေများကို ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဝန်ကြီးများက ပေးအပ်လှူဒါန်းရာ ဗလီဥက္ကဋ္ဌနှင့်တာဝန်ရှိသူများက လက်ခံရယူခဲ့ပြီး ကျန်းမာချမ်းသာစွာဖြင့် နိုင်ငံတော်၏ အမျိုးဘာသာ၊ သာသနာအကျိုးကို ဆောင်ရွက်နိုင်ပြီး နိုင်ငံတော်ကြီး အေးချမ်းသာယာပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါကြောင်း ပြောကြားသည်။

အလားတူ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် မင်္ဂလာတောင်ညွန့်မြို့နယ် စံပြဖဆပလ ရပ်ကွက် အထက်ပန်းဆိုးတန်းလမ်းရှိ တစ်ခြမ်းပွဲဗလီတွင် အာဟာရဖြည့်စွက်စာအဖြစ် ပန်းသီးများ၊ Sunkist ဘူးများကို ဥပုသ်ဆောက်တည်ပြီး ဥပုသ်ဖြေနေသော အစ္စလာမ်ဘာသာဝင် ဥပုသ်သည် ၄၀၀ အတွက် တစ်ဦးချင်း လိုက်လံပေးအပ်လှူဒါန်းခဲ့ကြောင်းနှင့် ဥပုသ်သည်များအတွက် တစ်နေ့တာဖြည့်စွက်စာအဖြစ် အလှူငွေများကိုလှူဒါန်းရာ ဗလီဥက္ကဋ္ဌ ဟာဂျီဘရာဟင်(ခ)ဦးဇော်ဝင်းနိုင်နှင့် တာဝန်ရှိသူများက လက်ခံရယူခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

---

# ကန်ကြီးထောင့်မြို့နယ်၌ ဇီဝဆိုင်ရာအချက်အလက်များ ကောက်ယူခြင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိ

**ကန်ကြီးထောင့် ဧပြီ ၈**

ဧရာဝတီ တိုင်းဒေသကြီး ကန်ကြီးထောင့် မြို့နယ်တွင် နှစ်စဉ် ကျင်းပမြဲဖြစ်သော လောကမှန်ကူသိဒ္ဓိရှင် ဆုတောင်းပြည့် စေတီတော်မြတ်ကြီး၏ ဗုဒ္ဓပူဇနိယပွဲတော်ကို ယနေ့မှ စတင်၍ ကျင်းပလျက်ရှိရာ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာရောက်သူများဖြင့် စည်ကားလျက်ရှိသည်။ အဆိုပါဘုရားဖူးပြည်သူများအား လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနက ဆောင်ရွက်လျက်ရှိသော လူဦးရေမှတ်ပုံတင်ခြင်း လုပ်ငန်းဖြစ်သည့် ဇီဝဆိုင်ရာ အချက်အလက်များ ကောက်ယူခြင်း လုပ်ငန်းများကို ကန်ကြီးထောင့်မြို့နယ် ဦးစီးမှူး၊ ရုံးဝန်ထမ်းများက ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။



ကန်ကြီးထောင့် မြို့နယ် လောကမှန်ကူ သိဒ္ဓိရှင်ဆုတောင်းပြည့် စေတီတော်မြတ်ကြီး၏ ဗုဒ္ဓပူဇနိယပွဲတော်သို့ လာရောက်ကြသည့် ဘုရားဖူးမိဘပြည်သူများအနေဖြင့် ဇီဝဆိုင်ရာအချက်အလက်များ ကောက်ယူထားခြင်း မရှိသေးပါက အလွယ်တကူ ကောက်ယူသွားနိုင်ရေးအတွက် ယခုကဲ့သို့ ဆောင်ရွက်ပေးရခြင်းဖြစ်ပါကြောင်း၊ ဇီဝဆိုင်ရာအချက်အလက်များ ကောက်ယူခြင်းနှင့် ပတ်သက်သည့် အကြောင်းအရာများကို ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်စေရေးအတွက် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနနှင့် တာဝန်ရှိသူများပူးပေါင်း၍ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

---

**❒ အာဆီယံမှ**

စင်ကာပူနှင့် ဖိလစ်ပိုင်တို့မှ ကလပ်အသင်းတစ်သင်းစီတို့မှာ နောက်ဆုံးအဆင့်တို့မှ တိုက်ရိုက်ယှဉ်ပြိုင်ခွင့်ရမည်ဖြစ်သည်။ မြန်မာ၊ ဘရူနိုင်း၊ လာအို၊ ကမ္ဘောဒီးယားတို့မှ တစ်သင်းစီမှာ ခြေစစ်ပွဲ Play-off ကစားရမည်ဖြစ်ပြီး နှစ်သင်းမှာ နောက်ဆုံးအဆင့် တက်ရောက်ယှဉ်ပြိုင်ခွင့်ရမည်ဖြစ်သည်။ နောက်ဆုံးအဆင့်ကို ခြောက်သင်း နှစ်အုပ်စုခွဲ၍ ကျင်းပမည်ဖြစ်ပြီး အိမ်ကွင်း၊ အဝေးကွင်း နှစ်ကျော့စနစ်ဖြင့် ကျင်းပမည်ဖြစ်သည်။ မြန်မာနိုင်ငံအနေဖြင့် ကလပ်အသင်းတစ်သင်းသာ ယှဉ်ပြိုင်ခွင့်ရမည်ဖြစ်ပြီး လိဂ်ချန်ပီယံအသင်း သို့မဟုတ် ဒုတိယဆုရသည့်အသင်းအား စေလွှတ်ယှဉ်ပြိုင်ဖွယ်ရှိနေသည်။ အာဆီယံဘောလုံးအဖွဲ့ချုပ်သည် ယင်းပြိုင်ပွဲကို ၂၀၀၃ နှင့် ၂၀၀၅ ခုနှစ်တို့တွင်ကျင်းပပြီးနောက် နှစ်ပေါင်းများစွာ ကျင်းပနိုင်ခြင်းမရှိတော့ဘဲ ယခုမှ ပြန်လည်ကျင်းပခြင်းဖြစ်သည်။ အာဆီယံဘောလုံးအဖွဲ့ချုပ်သည် ၂၀၂၀ ပြည့်နှစ်တွင် ပြန်လည်ကျင်းပရန် ကြိုးပမ်းခဲ့သော်လည်း ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် နောက်ဆုတ်ခဲ့ခြင်းဖြစ်သည်။ ၂၀၂၄-၂၀၂၅ အာဆီယံကလပ်ချန်ပီယံရှစ်ပြိုင်ပွဲကို ၂၀၂၄ ခုနှစ် ဇူလိုင် ၁၇ ရက်မှ ၂၀၂၅ ခုနှစ် မေ ၂၂ ရက်အထိ ကျင်းပမည်ဖြစ်သည်။

ကျင်းပပြီးစီးခဲ့သည့် နှစ်ကြိမ်စလုံးတွင် မြန်မာနိုင်ငံကိုယ်စားပြုအဖြစ် ဘဏ္ဍာ/အခွန်အသင်း ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရခဲ့ပြီး ၂၀၀၃ ခုနှစ်တွင် နုတ်ထွက်ခဲ့ကာ ၂၀၀၅ ခုနှစ်တစ်ကြိမ်သာ ယှဉ်ပြိုင်ခဲ့ခြင်းဖြစ်သည်။ ဘဏ္ဍာအခွန်အသင်းသည် ၂၀၀၅ ပြိုင်ပွဲတွင် အုပ်စုအဆင့်မှ ထွက်ခဲ့ရသည်။

**ကိုညီလေး**

---

# အချိန်အခါမဟုတ်မိုးရွာနိုင်

**နေပြည်တော် ဧပြီ ၈**

ယနေ့ ညနေ ၃ နာရီခွဲအချိန် တိုင်းထွာချက်များအရ ၁၀-၄-၂၀၂၄ ရက်နေ့မှ ၁၂-၄-၂၀၂၄ ရက်နေ့အတွင်း အရှေ့ဘက်မှ ရွေ့လျားလာသော တိမ်တိုက်များကြောင့် လည်းကောင်း၊ အပူပြန်တက်တိမ်များ ဖြစ်ထွန်းမှု အားကောင်းခြင်းကြောင့်လည်းကောင်း၊ အနောက်ဘက်မှ ရွေ့လျားလာသော လေပွေလှိုင်းများ၏ အရှိန်ကြောင့်လည်းကောင်း တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)နှင့် ကယားပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။

**အကြံပြုချက်**

ပြည်သူများအနေဖြင့် အချိန်အခါမဟုတ်မိုးရွာခြင်းနှင့်အတူ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်းနှင့် မိုးတိမ်တောင်ဖြစ်ထွန်းမှု အားကောင်းသော ဒေသများတွင် လေပြင်းတိုက်ခတ်ခြင်း စသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

**မိုး/ဇလ**

---

# PDF Game ဆော့ကစားခြင်းကြောင့် ဥပဒေအရ အရေးယူခံရနိုင်သည်

အကြမ်းဖက်လုပ်ငန်းများဆောင်ရွက်နေသည့် PDF အဖွဲ့များအား တစ်ဖက်တစ်လမ်းမှထောက်ပံ့လှူဒါန်းစေရန်၊ လူငယ်လူရွယ်များ၏ မသိစိတ်များအတွင်း တပ်မတော်အပေါ် အထင်အမြင်လွဲမှားစေရန်နှင့် တော်လှန်လိုစိတ်တိုးပွားလာစေရန် စသည့် ရည်ရွယ်ချက်များဖြင့် NUG၊ CRPH လက်အောက်ခံ အကြမ်းဖက်အဖွဲ့အစည်းများက PDF Game Application များ တီထွင်ဖန်တီးအသုံးပြုလျက်ရှိကြောင်း စိစစ်တွေ့ရှိရသည့်အတွက် PDF Game ဆော့ကစားခြင်းသည် အကြမ်းဖက်အဖွဲ့အား ထောက်ပံ့ခြင်းဖြစ်၍ ဥပဒေအရ အရေးယူခံရနိုင်ကြောင်း အသိပေးအပ်ပါသည်။

---

**❖ ကျောဖုံးမှ**

ထို့ပြင် MITT-1 ဆိပ်ကမ်းမှ MV. MAERSU DAVAO သင်္ဘောသည် ယနေ့တွင် ရေထွက်ကုန်ပစ္စည်းများ၊ ဆန်၊ ပဲ၊ အဝတ်အထည်၊ သစ်တောထွက်ပစ္စည်း၊ သကြား၊ နှမ်း၊ ပြောင်း၊ ရော်ဘာနှင့် အထွေထွေကုန်များကို ကုန်သေတ္တာ ၆၂၁ လုံးဖြင့် မလေးရှားနိုင်ငံသို့ လည်းကောင်း၊ AWPT ဆိပ်ကမ်းမှ MV. SITC CHENMING သင်္ဘောသည် ယနေ့တွင် ရေထွက်ကုန်ပစ္စည်းများ၊ ဆန်၊ ပဲ၊ ချုပ်ပြီးအဝတ်အထည်၊ သစ်တောထွက်ပစ္စည်း၊ သကြား၊ ပြောင်းနှင့် ရော်ဘာများကို ကုန်သေတ္တာ ၅၃၃ လုံးဖြင့် ဗီယက်နမ်နိုင်ငံသို့ လည်းကောင်း တင်ဆောင်ပြီး ထွက်ခွာမည်ဖြစ်သည်။

အလားတူ ဧပြီ ၉ ရက်တွင် MHM ဆိပ်ကမ်းမှ MV.MCL- 8 သင်္ဘောဖြင့် ပြောင်းဖူးစေ့တန်ချိန် ၂၇၀၀ အား ထိုင်းနိုင်ငံသို့လည်းကောင်း၊ MHM ဆိပ်ကမ်းမှ MV. MCL- 7 သင်္ဘောဖြင့် ပြောင်းဖူးစေ့တန်ချိန် ၂၇၀၀ အား ထိုင်းနိုင်ငံသို့လည်းကောင်း၊ ဧပြီ ၁၀ ရက်တွင် AIPT-3 ဆိပ်ကမ်းမှ MV. RAINBOW SYMPHONY သင်္ဘောဖြင့် ပြောင်းဖူးစေ့တန်ချိန် ၆၆၀၀ အား ဖိလစ်ပိုင်နိုင်ငံသို့လည်းကောင်း ဆက်လက်တင်ပို့သွားမည်ဖြစ်ကြောင်းနှင့် ဧပြီ ၇ ရက်ကလည်း SPW-3 ဆိပ်ကမ်းမှ MT. TURAN C သင်္ဘောဖြင့် ဆန်တန်ချိန် ၁၂၀၀၀ အား စပိန်နှင့် ကင်မရွန်းနိုင်ငံများသို့ တင်ပို့ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

---

**❍ နော့တင်ဟမ်မှ**

စပါးအသင်းအတွက် သွင်းဂိုးတစ်ဂိုး သွင်းယူပေးခဲ့တဲ့ နောက်တန်းကစားသမား ဗန်ဒီဗင်ဟာ ပြီးခဲ့တဲ့နွေရာသီအပြောင်းအရွှေ့ကာလအတွင်းက ဝုလ်ဗာဟမ်တန်အသင်းဆီမှ ပြောင်းရွှေ့ကြေးပေါင် ၃၄ သန်းနဲ့ ခေါ်ယူခဲ့တာဖြစ်ပြီး အသင်းဟောင်းကို ပြန်လည်ဂိုးသွင်းနိုင်ခဲ့ခြင်းလည်း ဖြစ်ပါတယ်။

စပါးအသင်းဟာ နော့တင်ဟမ်ဖောရက်စ်အသင်းကို အနိုင်ရရှိခဲ့တာကြောင့် ပရီမီယာလိဂ်ပွဲစဉ် ၃၁ ပွဲယှဉ်ပြိုင်ကစားပြီးချိန်မှာ ရမှတ် ၆၀ ရရှိခဲ့ပြီး အက်စ်တွန်ဗီလာအသင်းနဲ့ ရမှတ်တူဂိုးကွာခြားချက်နဲ့ အမှတ်ပေးဇယား အဆင့်(၄)နေရာကို တက်လှမ်းခွင့်ရရှိခဲ့တာဖြစ်ပါတယ်။

နော့တင်ဟမ်ဖောရက်စ်အသင်းကတော့ စပါးအသင်းကို ရှုံးနိမ့်ခဲ့တာကြောင့် လူတန်တောင်းအသင်းရဲ့အထက် အဆင့်(၁၇)နေရာမှာ ရပ်တည်နေတာဖြစ်ပါတယ်။ ဧပြီ ၇ ရက် ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့တဲ့ အခြားသော ပရီမီယာလိဂ်ပွဲစဉ်တွေမှာတော့ မန်ယူအသင်းနဲ့ လီဗာပူးအသင်းတို့ပွဲစဉ်မှာ တစ်ဖက်နှစ်ဂိုးစီ သရေရလဒ် ထွက်ပေါ်ခဲ့သလို ရှက်ဖီးလ်ယူနိုက်တက်အသင်းနဲ့ ချယ်လ်ဆီးအသင်းတို့ပွဲစဉ်မှာလည်း တစ်ဖက်နှစ်ဂိုးစီ သရေရလဒ်ထွက်ပေါ်ခဲ့တာ ဖြစ်ပါတယ်။

**ငွေကြယ်**

အားကစားမြှင့်တင် စိတ်လန်းရွှင်
ဆန့်ကျင်မူးယစ်ဆေး

## ခရမ်းမြို့နယ်၌ ဆီထွက်သီးနှံ မြေပဲသီးနှံများ စတင်ထွက်ပေါ်

ခရမ်း မေ ၈

ရန်ကုန်တိုင်းဒေသကြီး ခရမ်းမြို့နယ်၌ စားဖိုဆောင်သီးနှံတစ်မျိုးဖြစ်သော မြေပဲသီးနှံကို ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ၆၈၂ ဧကလျာထားစိုက်ပျိုးခဲ့ရာ ရာနှုန်းပြည့် ဖြစ်ထွန်းအောင်မြင်စွာ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ ခရမ်းမြို့နယ်အတွင်းရှိ ဒေသခံတောင်သူများသည် စိုက်ပျိုးရေး အဆင်ပြေမှုနှင့် စိုက်ပျိုးမြေကောင်းမွန်မှုတို့ကြောင့် စိုက်ပျိုးရေးလုပ်ငန်းကို စီးပွားဖြစ်စိုက်ပျိုးလုပ်ကိုင်ကြပြီး သီးနှံဝင်ငွေတိုးပွားစေရေး၊ စားရေရိက္ခာ ဖူလုံစေရေးနှင့် ပြည်တွင်းစားသုံးဆီဖူလုံမှုရှိစေရေးတို့အတွက် ဆောင်းရာသီ စိုက်ပျိုးရာသီချိန်တွင် မြေပဲသီးနှံကို အဓိကထား၍နှစ်စဉ်စိုက်ပျိုးခဲ့ကြောင်း သိရသည်။

လက်ရှိအချိန်တွင် ခရမ်းမြို့နယ် အတွင်းရှိ ကျေးရွာများဖြစ်သော ကွင်းလျှားရှည်၊ သဖြူကန်၊ ဖလူကန်၊ တကောကန်နှင့် ကြာကန်ကျေးရွာများ၌ မတ်လ တတိယပတ်မှ စတင်၍ မြေပဲသီးနှံများ စတင်ထွက်ပေါ်လျက်ရှိပြီး အဖွင့်ဈေးအနေဖြင့် မြေပဲတစ်တင်းလျှင် ကျပ် ၃၀၀၀၀ မှ ကျပ် ၃၅၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း၊ စိုက်ပျိုးမှု ကုန်ကျစရိတ်အနေဖြင့် တစ်ဧကလျှင် ကျပ် ၈၀၀၀၀၀ခန့် ကုန်ကျပြီး အထွက်နှုန်းအနေဖြင့် တစ်ဧကလျှင် ပျမ်းမျှ တင်း ၆၀ ခန့် ထွက်ရှိကြောင်း၊ ဈေးကွက်အနေဖြင့် ခရမ်းမြို့နယ်အတွင်းရှိ တောင်သူအများစုသည် ဆီထွက်သီးနှံမြေပဲများကို ကြိတ်ခွဲ၍ ဆီစက်များတွင်ရောင်းချခြင်းနှင့် စားသုံးသူဒေသခံပြည်သူများအား ဖြန့်ဖြူးရောင်းချလျက်ရှိပြီး အကျိုးအမြတ်အနေဖြင့် တစ်ဧကလျှင် ၁၀ သိန်းကျပ်ခန့်ရရှိကြောင်း သိရသည်။



သတင်းရင်းမြစ်
စီးပွား/ကူးသန်း

## ဘီးလင်းမြို့နယ်အတွင်း ပဲတီစိမ်းများ လှိုင်လှိုင်ထွက်ပေါ်၍ တောင်သူများ အကျိုးအမြတ်ရရှိ

ဘီးလင်း မေ ၈

မွန်ပြည်နယ် ဘီးလင်းမြို့နယ်အတွင်း စပါးရိတ်သိမ်းပြီးနောက် ပဲတီစိမ်းသီးနှံကို သီးထပ်သီးနှံအဖြစ် လယ်မြေနှင့်ကိုင်းမြေများပေါ်တွင် စိုက်ပျိုးကြကြောင်း၊ ဘီးလင်းမြို့နယ်အတွင်း ပဲတီစိမ်းစိုက်ပျိုးမှုအနေဖြင့် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်၌ ဧက ၁၇၂၀၀ စိုက်ပျိုးခဲ့ပြီး ၂၀၂၃-



၂၀၂၄ ဘဏ္ဍာနှစ်တွင် ဧက ၁၇၈၄၀ စိုက်ပျိုးခဲ့ရာ ပဲတီစိမ်းသီးနှံကို ယခင်ဘဏ္ဍာနှစ်ထက် ပိုမိုစိုက်ပျိုးနိုင်ကြောင်း၊ ပဲတီစိမ်းသီးနှံသည် ဈေးကွက်ရရှိနေသော သီးနှံတစ်မျိုးဖြစ်ပြီး လက်ရှိအချိန်တွင် ပဲတီစိမ်းများ ရိတ်သိမ်းနေပြီဖြစ်ရာ လှိုင်လှိုင်ထွက်ပေါ်လျက်ရှိကြောင်း သိရသည်။

ပဲတီစိမ်းသီးနှံအထွက်နှုန်းအနေဖြင့် တစ်ဧကလျှင် ပျမ်းမျှအားဖြင့် ၁၈ တင်းနှုန်းထွက်ရှိကြောင်း၊ ဈေးနှုန်းအနေဖြင့် ယခင်နှစ်၌ ပဲတီစိမ်းတစ်တင်းလျှင် ကျပ် ၆၀၀၀၀ ဖြင့် အရောင်းအဝယ် ဖြစ်ခဲ့ပြီး ယခုနှစ်တွင် ပဲတီစိမ်းတစ်တင်းလျှင် ကျပ် ၇၃၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း၊ ဈေးကွက်အနေဖြင့် ပဲခူး၊ ဒိုက်ဦးမြို့များသို့ ပဲတီစိမ်းများကို တင်ပို့ရောင်းချလျက်ရှိပြီး ပဲတီစိမ်း စိုက်ပျိုးခြင်းအားဖြင့် တောင်သူများ ထိုက်သင့်သည့်အကျိုးအမြတ်ရရှိကြောင်း ပဲတီစိမ်းသီးနှံ စိုက်ပျိုးတောင်သူထံမှ သိရသည်။

## ပဲစင်းငုံ(နီ)ဈေးနှုန်း အနည်းငယ်ကျဆင်း၍ ဝင်ရောက်သမျှ အရောင်းအဝယ်ဖြစ်

ရွှေဘို မေ ၈

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုဈေးကွက်သို့ ဇန်နဝါရီလ ဒုတိယပတ်မှစတင်၍ ပဲစင်းငုံ(နီ၊ဖြူ)များ စတင်ဝင်ရောက်ခဲ့သော်လည်း မတ်လနောက်ဆုံးပတ်တွင် ပဲစင်းငုံ(နီ)တစ်မျိုးတည်းသာ ဝင်ရောက်ခဲ့ကြောင်း၊ မတ်လ နောက်ဆုံးပတ်တွင် အရောင်းအဝယ်ဖြစ်သည့် ဈေးနှုန်းအနေဖြင့် ပဲစင်းငုံ (နီ) တစ်တင်းလျှင် ကျပ် ၁၁၅၀၀၀ ပေါက်ဈေးရှိပြီး တစ်ပတ်အတွင်း အရောင်းအဝယ်ဖြစ်မှုမှာ တင်း ၁၈၀၀ / တန်အားဖြင့် ၅၉ တန် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း၊ မတ်လ တတိယပတ်နှင့် မတ်လ နောက်ဆုံးပတ် ဈေးနှုန်းများ နှိုင်းယှဉ်ပါက မတ်လ တတိယပတ်၌ ပဲစင်းငုံ(နီ) တစ်တင်းလျှင် ကျပ် ၁၁၅၃၀၀ ပေါက်ဈေးရှိခဲ့သဖြင့် မတ်လ နောက်ဆုံးပတ်တွင် ပဲစင်းငုံ(နီ) တစ်တင်းလျှင် ကျပ် ၃၀၀ လျော့နည်းခဲ့ပြီး ဈေးနှုန်းအနည်းငယ်အေးသဖြင့် ဝင်ရောက်မှုနည်းသော်လည်း ဝင်ရောက်သမျှ အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရသည်။



## ကံပိုင်တည်ကုန်သွယ်ရေးစခန်း၏ကုန်သွယ်မှုအခြေအနေ

ကံပိုင်တည် မေ ၈

ကံပိုင်တည်ကုန်သွယ်ရေးစခန်းမှ ၂၀၂၄ ခုနှစ် ဧပြီလ ကုန်သွယ်မှုလျာထားချက်မှာ ပို့ကုန် ဒေါ်လာ ၂၇ ဒသမ၄၂၀ သန်းနှင့် သွင်းကုန် ဒေါ်လာ၂ ဒသမ ၁၅ သန်းဖြင့် စုစုပေါင်း ဒေါ်လာ ၂၉ ဒသမ ၅၇ သန်းဖြစ်ပါသည်။

၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် မေ ၆ ရက်အထိ အမှန်ဆောင်ရွက်နိုင်မှုမှာ ပို့ကုန် ဒေါ်လာ ၉ ဒသမ ၆၁၉ သန်းနှင့် သွင်းကုန် ဒေါ်လာ ၁ ဒသမ ၄၈၄ သန်း စုစုပေါင်း ဒေါ်လာ ၁၁ ဒသမ ၁၀၃ သန်းဖြစ်သဖြင့် ကုန်သွယ်မှုလျာထားချက်အပေါ် ၃၇ ဒသမ ၅၄၇ ရာခိုင်နှုန်း ဆောင်ရွက်နိုင်ခဲ့သည်။

ကံပိုင်တည်ကုန်သွယ်ရေးစခန်း၏ ၂၀၂၄ ခုနှစ် မေ ၂ ရက်မှ ၆ ရက်အထိ ပို့ကုန်ပိုင်းတွင် အဓိကပို့ကုန်ဖြစ်သည့် တစ်သျှူးငှက်ပျော ၁၅၂၉၆ တန်၊ ပဲမျိုးစုံ တင်ပို့မှုအနေဖြင့် ပဲယဉ်း ၁၈၈ ဒသမ ၂ တန်၊ ပဲကြီး ၂၃၈ တန်၊ ပဲနီကြား ၁၃၆ တန်၊ ထောပတ်ပဲ ၂၄၁ ဒသမ ၅ တန်၊ မတ်ပဲ ၆၆ ဒသမ ၇၇ တန်၊ မြေထောက်ပဲ ၃၃ တန်၊ နိုင်လွန်ပဲ ၁၅၄ တန်၊ သစ်သီးဝလံ တင်ပို့မှုအနေဖြင့် ရွှေဖရုံသီး ၆၅၉ တန်၊ ဖရဲသီး ၁၄၈၅ တန်၊ ငရုတ်သီး တန် ၄၇၀ ၊ ငရုတ်ခြောက် ၁၀၄ ဒသမ ၂ တန်၊ ကြက်သွန်နီ ၃၅၆၅ တန်၊ မကျည်းသီး(အစေ့ပါ) ၆၇ ဒသမ ၅ တန်၊ အင်ကြင်းကျောက် ၈ တန်၊ စကျင်ကျောက်ဆင်းတု ၁၆ ဒသမ ၉၇ တန်နှင့် လောင်စာတောင့် ၂၅ တန် တင်ပို့နိုင်ခဲ့သည်။

အများဆုံးသွင်းကုန်ပစ္စည်းများမှာ သံကြိုးခွေ၊ Hollow Pipe ၊ Iron Pipe၊ လိမ္မော်သီးနှင့် လူသုံးအဝတ်အထည်များဖြစ်ပြီး ရင်းနှီးမြှုပ်နှံမှုပစ္စည်း၊ လုပ်ငန်းသုံးပစ္စည်း၊ လူသုံးကုန်ပစ္စည်းနှင့် CMP အထည်ချုပ်ပစ္စည်းတို့ တင်သွင်းနိုင်ခဲ့ပါသည်။

### ၈-၄-၂၀၂၄ ရက်နေ့ တိုင်းဒေသကြီးနှင့်ပြည်နယ်၊ မြို့နယ်အလိုက် ဆန်၊ ဆီ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ သားငါးဈေးနှုန်းများ

ရေတွက်ပုံ(ကျပ်)

| စဉ် | မြို့အမည် | ဆန်(တစ်ပြည်) | | | ဆီ(တစ်ပိဿာ) | | စားဖိုဆောင်သုံး (တစ်ပိဿာ) | | | | | | | | | | | | အသား၊ ငါး(တစ်ပိဿာ) | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ညှော်မထ | ငစိန် | ပေါ်ဆန်း | ပဲဆီ | စားအုန်းဆီ | ငရုတ်ခြောက် | ကြက်သွန်နီ | ကြက်သွန်ဖြူ(ရှမ်း) | ကြက်သွန်ဖြူ (ကြူကုတ်) | နနွင်းတက် | ချင်း | ဆား | မြေပဲ | ကုလားပဲဝါ | မန်ကျည်းသီး | အာလူး | သကြား | ကြက် | ဝက် | အမဲ | ဆိတ် | ငါးမြစ်ချင်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ | ၁၆ | ၁၇ | ၁၈ | ၁၉ | ၂၀ | ၂၁ | ၂၂ | ၂၃ | ၂၄ |
| ၁ | မြစ်ကြီးနား | ၃၂၀၀ | | ၇၀၀၀ | ၁၆၀၀၀ | ၆၂၅၀ | ၁၅၀၀၀ | ၄၅၀၀ | ၁၈၀၀၀ | ၁၀၀၀၀ | ၅၀၀၀ | ၈၀၀၀ | ၁၀၀၀ | ၉၀၀၀ | ၈၀၀၀ | ၄၅၀၀ | ၂၅၀၀ | ၅၀၀၀ | ၁၆၀၀၀ | ၂၂၀၀၀ | ၂၀၀၀၀ | ၂၆၀၀၀ | ၁၆၀၀၀ |
| ၂ | လားရှိုး | ၃၇၀၀ | | ၈၀၀၀ | ၁၇၀၀၀ | ၆၃၃၀ | ၁၇၀၀၀ | ၄၅၀၀ | ၁၅၀၀၀ | ၁၁၀၀၀ | ၆၀၀၀ | ၅၀၀၀ | ၁၀၀၀ | ၉၀၀၀ | ၇၇၀၀ | ၄၀၀၀ | ၃၅၀၀ | ၄၅၀၀ | ၁၄၀၀၀ | ၂၂၀၀၀ | ၂၃၀၀၀ | ၃၀၀၀၀ | ၁၆၀၀၀ |
| ၃ | ကျိုင်းတုံ | ၄၀၅၀ | | ၇၅၀၀ | ၁၆၀၀၀ | ၆၅၀၀ | ၁၇၅၀၀ | ၄၀၀၀ | ၁၄၀၀၀ | ၁၀၅၀၀ | ၆၀၀၀ | ၅၅၀၀ | ၁၃၀၀ | ၁၀၅၀၀ | ၈၀၀၀ | ၆၀၀၀ | ၃၅၀၀ | ၅၀၀၀ | ၁၃၀၀၀ | ၂၀၀၀၀ | ၂၄၀၀၀ | | ၁၅၀၀၀ |
| ၄ | တောင်ကြီး | ၃၅၀၀ | ၃၃၀၀ | ၆၈၀၀ | ၁၆၅၀၀ | ၅၈၀၀ | ၁၉၀၀၀ | ၃၅၀၀ | ၁၂၀၀၀ | ၁၂၀၀၀ | ၆၅၀၀ | ၅၀၀၀ | ၆၀၀ | ၁၀၀၀၀ | ၈၀၀၀ | ၆၀၀၀ | ၂၅၀၀ | ၄၄၀၀ | ၁၃၀၀၀ | ၂၀၀၀၀ | ၁၈၀၀၀ | ၂၈၀၀၀ | ၁၆၀၀၀ |
| ၅ | လွိုင်ကော် | | | | | | | | | | | | | | | | | | | | | | |
| ၆ | ဘားအံ | ၃၅၀၀ | | ၅၇၀၀ | ၁၅၅၀၀ | ၅၉၀၀ | ၁၁၀၀၀ | ၂၈၀၀ | ၁၁၀၀၀ | ၁၂၀၀၀ | ၆၈၀၀ | ၇၀၀၀ | ၈၀၀ | ၈၀၀၀ | ၇၀၀၀ | ၅၅၀၀ | ၂၅၀၀ | ၄၅၀၀ | ၁၂၀၀၀ | ၁၅၀၀၀ | ၁၈၀၀၀ | ၁၈၀၀၀ | ၈၀၀၀ |
| ၇ | မော်လမြိုင် | ၃၅၀၀ | | ၅၃၀၀ | ၁၆၀၀၀ | ၅၈၀၀ | ၁၁၀၀၀ | ၃၀၀၀ | ၁၂၀၀၀ | ၁၂၀၀၀ | ၈၀၀၀ | ၇၀၀၀ | ၈၀၀ | ၁၀၀၀၀ | ၇၀၀၀ | ၆၀၀၀ | ၃၀၀၀ | ၅၀၀၀ | ၁၃၀၀၀ | ၁၆၀၀၀ | ၁၇၀၀၀ | ၃၀၀၀၀ | ၁၂၀၀၀ |
| ၈ | ထားဝယ် | ၃၉၅၀ | | ၆၈၀၀ | ၁၇၀၀၀ | ၆၀၂၅ | ၁၂၀၀၀ | ၂၈၀၀ | ၁၁၀၀၀ | ၁၂၀၀၀ | | ၅၀၀၀ | ၆၀၀ | ၇၉၀၀ | ၇၂၀၀ | ၃၅၀၀ | ၃၀၀၀ | ၄၅၀၀ | ၁၁၀၀၀ | ၁၅၀၀၀ | ၁၈၀၀၀ | ၂၄၀၀၀ | |
| ၉ | မြိတ် | ၄၀၀၀ | | ၆၀၀၀ | ၁၆၅၀၀ | ၆၁၀၀ | ၁၂၅၀၀ | ၂၈၀၀ | ၁၅၄၀၀ | ၁၁၈၀၀ | ၈၈၀၀ | ၇၃၀၀ | ၁၀၀၀ | ၉၂၀၀ | ၆၉၀၀ | ၄၀၀၀ | ၃၀၀၀ | ၄၅၀၀ | ၁၁၅၀၀ | ၁၄၀၀၀ | ၁၉၀၀၀ | ၂၃၅၀၀ | |
| ၁၀ | ရန်ကုန် | ၃၈၀၀ | | ၅၆၀၀ | ၁၆၀၀၀ | ၅၆၀၀ | ၁၃၀၀၀ | ၃၆၀၀ | ၁၆၀၀၀ | ၁၄၀၀၀ | ၁၀၀၀၀ | ၆၅၀၀ | ၈၀၀ | ၇၅၀၀ | ၆၆၀၀ | ၆၀၀၀ | ၂၈၀၀ | ၅၀၀၀ | ၁၂၀၀၀ | ၁၆၀၀၀ | ၁၈၀၀၀ | ၃၀၀၀၀ | ၁၂၀၀၀ |
| ၁၁ | ပုသိမ် | ၃၅၅၀ | | ၅၃၀၀ | ၁၆၀၀၀ | ၅၆၈၀ | ၅၀၀၀ | ၂၅၀၀ | ၁၃၀၀၀ | ၁၂၀၀၀ | ၅၀၀၀ | ၆၀၀၀ | ၃၀၀ | ၆၈၀၀ | ၆၂၀၀ | ၆၀၀၀ | ၃၀၀၀ | ၅၀၀၀ | ၁၂၀၀၀ | ၁၇၀၀၀ | ၁၇၀၀၀ | ၂၅၀၀၀ | ၉၀၀၀ |
| ၁၂ | စစ်တွေ | | | | | | | | | | | | | | | | | | | | | | |
| ၁၃ | ဟားခါး | ၇၅၀၀ | | ၈၅၀၀ | ၁၉၅၀၀ | - | ၄၅၀၀၀ | ၇၀၀၀ | ၂၅၀၀၀ | | | ၄၀၀၀ | ၁၂၀၀ | | ၁၁၅၀၀ | | ၆၀၀၀ | ၆၀၀၀ | ၂၀၀၀၀ | ၂၅၀၀၀ | ၂၀၀၀၀ | | ၂၂၀၀၀ |
| ၁၄ | မုံရွာ | ၃၆၀၀ | ၃၀၅၀ | ၆၄၀၀ | ၁၃၅၀၀ | ၆၂၀၀ | ၁၂၀၀၀ | ၂၂၀၀ | ၁၃၅၀၀ | ၁၂၀၀၀ | ၁၀၅၀၀ | ၄၀၀၀ | ၈၀၀ | ၆၉၀၀ | ၇၂၀၀ | ၅၀၀၀ | ၂၆၀၀ | ၄၂၀၀ | ၉၅၀၀ | ၁၇၀၀၀ | ၁၆၀၀၀ | ၂၀၀၀၀ | ၁၀၀၀၀ |
| ၁၅ | မန္တလေး | ၄၅၀၀ | | ၇၀၀၀ | ၁၄၀၀၀ | ၆၀၅၀ | ၉၀၀၀ | ၂၅၀၀ | ၁၂၀၀၀ | ၁၁၀၀၀ | ၇၀၀၀ | ၈၀၀၀ | ၈၀၀ | ၇၃၀၀ | ၆၄၀၀ | ၆၀၀၀ | ၂၅၀၀ | ၄၈၀၀ | ၁၁၀၀၀ | ၁၈၀၀၀ | ၁၈၀၀၀ | ၂၄၀၀၀ | ၁၃၀၀၀ |
| ၁၆ | ပခုက္ကူ | ၄၀၀၀ | | ၆၃၀၀ | ၁၂၅၀၀ | ၅၉၅၀ | ၁၄၀၀၀ | ၂၃၀၀ | ၁၃၀၀၀ | ၁၁၀၀၀ | ၈၅၀၀ | ၅၅၀၀ | ၇၅၀ | ၇၅၀၀ | ၇၅၀၀ | ၃၅၀၀ | ၂၂၀၀ | ၄၅၀၀ | ၁၃၀၀၀ | ၁၉၀၀၀ | ၁၇၀၀၀ | ၂၀၀၀၀ | ၉၅၀၀ |
| ၁၇ | မကွေး | ၃၇၀၀ | | ၇၀၀၀ | ၁၄၀၀၀ | ၆၀၀၀ | ၁၂၀၀၀ | ၂၄၀၀ | ၁၅၀၀၀ | ၁၁၅၀၀ | ၉၀၀၀ | ၅၅၀၀ | ၇၀၀ | ၆၅၀၀ | ၆၄၀၀ | ၄၀၀၀ | ၂၅၀၀ | ၄၈၀၀ | ၁၂၅၀၀ | ၁၄၀၀၀ | ၁၄၀၀၀ | ၁၆၀၀၀ | ၁၂၀၀၀ |
| ၁၈ | ပြည် | ၃၄၀၀ | | ၅၃၀၀ | ၁၄၀၀၀ | ၅၇၀၀ | ၁၈၀၀၀ | ၂၅၀၀ | ၂၀၀၀၀ | ၁၃၅၀၀ | | ၈၀၀၀ | ၆၀၀ | ၇၀၀၀ | ၇၀၀၀ | ၃၀၀၀ | ၂၈၀၀ | ၄၂၀၀ | ၁၅၀၀၀ | ၂၀၀၀၀ | ၁၅၀၀၀ | ၂၅၀၀၀ | ၁၃၀၀၀ |
| ၁၉ | ပဲခူး | ၃၂၀၀ | | ၅၅၀၀ | ၁၄၀၀၀ | ၅၇၀၀ | ၁၂၀၀၀ | ၂၇၀၀ | ၁၂၀၀၀ | ၁၂၀၀၀ | ၆၀၀၀ | ၄၅၀၀ | ၄၅၀ | ၇၅၀၀ | ၆၃၀၀ | ၃၇၀၀ | ၂၂၀၀ | ၄၈၀၀ | ၁၀၀၀၀ | ၁၅၀၀၀ | ၁၅၀၀၀ | ၂၃၀၀၀ | ၇၀၀၀ |
| ၂၀ | ပျဉ်းမနား | ၃၇၀၀ | | ၆၆၀၀ | ၁၄၀၀၀ | ၅၆၀၀ | ၁၂၀၀၀ | ၂၂၀၀ | ၁၂၀၀၀ | ၁၂၀၀၀ | ၆၀၀၀ | ၆၀၀၀ | ၅၀၀ | ၇၅၀၀ | ၆၂၀၀ | ၄၀၀၀ | ၂၄၀၀ | ၄၄၀၀ | ၁၂၀၀၀ | ၁၆၀၀၀ | ၁၆၀၀၀ | ၂၅၀၀၀ | ၁၀၀၀၀ |
| ၂၁ | နေပြည်တော် | ၃၇၀၀ | | ၆၆၀၀ | ၁၄၀၀၀ | ၅၆၀၀ | ၁၃၀၀၀ | ၂၂၀၀ | ၁၂၀၀၀ | ၁၂၀၀၀ | ၆၂၀၀ | ၆၂၀၀ | ၅၀၀ | ၇၅၀၀ | ၆၄၀၀ | ၄၂၀၀ | ၂၄၀၀ | ၄၄၀၀ | ၁၂၀၀၀ | ၁၆၀၀၀ | ၁၆၀၀၀ | ၂၆၀၀၀ | ၁၀၀၀၀ |
| ၂၂ | ကလေး | ၃၆၀၀ | ၃၀၀၀ | | ၁၅၀၀၀ | ၇၀၀၀ | ၂၄၀၀၀ | ၃၅၀၀ | ၁၂၀၀၀ | ၁၃၀၀၀ | ၆၀၀၀ | ၇၀၀၀ | ၁၀၀၀ | ၉၀၀၀ | ၇၅၀၀ | ၄၀၀၀ | ၄၀၀၀ | ၄၀၀၀ | ၁၆၀၀၀ | ၂၂၀၀၀ | ၂၂၀၀၀ | | ၁၅၀၀၀ |

# ပညာရေးဝန်ကြီးဌာနနှင့် ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့တို့ ပူးပေါင်းဆောင်ရွက်သည့် အခြေခံစာတတ်မြောက်ရေးလုပ်ငန်းဖွင့်ပွဲအခမ်းအနား ကျင်းပ

ပုသိမ် မေ ၈

ပညာရေးဝန်ကြီးဌာနနှင့် ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့တို့ ပူးပေါင်းကျင်းပသည့် ကျေးလက်ဒေသနေပြည်သူများနှင့် တိုင်းရင်းသားပြည်သူများ စာတတ်မြောက်ရေးအတွက် အခြေခံစာတတ်မြောက်ရေးလုပ်ငန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက ပုသိမ်မြို့ မြို့တော်ခန်းမ၌ ပြုလုပ်ရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့် ဇနီး၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် ဇနီးများ၊ ကျောင်းပြင်ပနှင့် တစ်သက်တာပညာရေး ဦးစီးဌာန ဒုတိယညွှန်ကြား ရေးမှူးချုပ်၊ ပညာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ နည်းပြ ဆရာ ဆရာမများ၊ စာသင်သားများ တက်ရောက်ကြသည်။

ဦးစွာ အခမ်းအနားကို အမှတ်(၆) အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများက လူတိုင်းအတွက် ပညာရေးကိုယ်စားပြု “ဝထကလသ”တေးသီချင်းဖြင့် သီဆိုဂုဏ်ပြုဖွင့်လှစ်ခဲ့ပြီး အခြေခံစာတတ်မြောက်ရေးလုပ်ငန်း ကြီးကြပ်မှုကော်မတီနာယက၊ တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားသည်။

ရှင်းလင်းတင်ပြ

ထို့နောက် ကျောင်းပြင်ပနှင့် တစ်သက်တာပညာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်က စာတတ်မြောက်ရေးနှင့် ကျောင်းပြင်ပ ပညာရေးလုပ်ငန်း ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြခဲ့ပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ဧည့်သည်တော်များသည် ဧရာဝတီတိုင်းဒေသကြီး အခြေခံစာတတ်မြောက်ရေး လှုပ်ရှားမှုမှတ်တမ်း ဗီဒီယိုပြသမှုကို ကြည့်ရှုအားပေးခဲ့ပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က ဂုဏ်ပြုထောက်ပံ့ငွေများကို ပေးအပ်ရာ သင်တန်းနည်းပြ ကိုယ်စားလှယ်သုံးဦးက လက်ခံရယူခဲ့သည်။



ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်ဇနီး၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများသည် ပုသိမ်မြို့ အမှတ်(၁၄)ရပ်ကွက်၊ အမှတ်(၂၅)အခြေခံပညာမူလတန်း(လွန်) ကျောင်း(ပန်းဆက်) စာသင်ဝိုင်းသို့ သွားရောက်၍ အခြေခံစာတတ်မြောက်ရေးလုပ်ငန်းအဖြစ် အရေး၊ အဖတ်နှင့် အတွက်အချက်များကို ဆရာဆရာမများက တိုင်းရင်းသားပြည်သူများအား သင်ကြားပေးနေမှုများကို ကြည့်ရှုအားပေးခဲ့ပြီး လက်ဆောင်ပစ္စည်းများနှင့် အာဟာရဖြည့် စားသောက်ဖွယ်ရာများ ပေးအပ်ခဲ့သည်။ ထို့အတူ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဇနီးသည် အမှတ်(၅) အခြေခံပညာမူလတန်းကျောင်း(ရွှေဝတ်မှုံ) စာသင်ဝိုင်းသို့ လည်းကောင်း၊ ပုသိမ်ပညာရေးဒီဂရီကောလိပ်၊ လေ့ကျင့်ရေး အလယ်တန်းကျောင်း စာသင်ဝိုင်းသို့ လည်းကောင်း သွားရောက်ကြည့်ရှုအားပေးခဲ့ပြီး လက်ဆောင်ပစ္စည်းများနှင့်၊ အာဟာရဖြည့် စားသောက်ဖွယ်ရာများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# အပူရှိန်မြင့်လာသည့်အတွက် နေရာဒေသအချို့၌ ရေပြတ်လပ်မှုများရှိလာသဖြင့် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နှင့် လူမှုကူညီရေးအသင်းများက ရေလှူဒါန်း

ရန်ကုန် မေ ၈

ယခုလအတွင်း အပူရှိန်မြင့်လာသည့်အတွက် နေရာဒေသအချို့တွင် ရေပြတ်လပ်မှုများရှိလာသောကြောင့် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နှင့် လူမှုကူညီရေးအသင်းများက ရေလှူဒါန်းပေးနေကြောင်း သိရသည်။

အယ်လ်နီညိုကြောင့် ဧပြီအစပိုင်းမှစ၍ အပူချိန်ပိုမိုမြင့်မားမှုဖြစ်ပေါ်ခဲ့ပြီးနောက် နေရာဒေသအချို့၌ ရေပြတ်လပ်မှုများရှိလာခဲ့ခြင်းဖြစ်ကြောင်း လူမှုကူညီရေးအသင်းများထံမှ သိရသည်။

ထိုသို့ကူညီရာတွင် မေ ၈ ရက်က မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့နယ် ဘေးမဲ့ရပ်ကွက်ရှိ သောက်သုံးရေလိုအပ်လျက်ရှိသော ကန်တော်မင်းဘုန်းတော်ကြီးကျောင်းသို့ ရေနံချောင်းမြို့နယ်မီးသတ်စခန်းက ရေဂါလန် ၁၆၀၀ လှူဒါန်းခဲ့ကြောင်း သိရသည်။ အလားတူ ရှမ်းပြည်နယ် တန့်ယန်းမြို့နယ်ရှိ သောက်သုံးရေလိုအပ်လျက်ရှိသော အမှတ်(၅)ရပ်ကွက်သို့ တန့်ယန်းမြို့နယ် မီးသတ်စခန်းက လှူဒါန်းခဲ့ကြောင်း မြန်မာနိုင်ငံမီးသတ်ဦးစီးဌာနမှသိရသည်။

မန္တလေးတိုင်းဒေသကြီးတွင်လည်း မတ်လမှစ၍ မြန်မာနိုင်ငံ လူမှုကယ်ဆယ်ရေးအဖွဲ့(မန္တလေးတိုင်းရုံး)မှ သုံးရေလိုအပ်ချက်ရှိသည့် စေတီပုထိုးများ၊ ဘုန်းတော်ကြီးကျောင်းများ၊ ရိပ်သာများ၊ ရပ်ကွက်များ၊ နေအိမ်များသို့ ရေသယ်ယာဉ်များဖြင့် သုံးရေဂါလန် ၄၀၀၀ ခန့်အထိ ပုံမှန်ကုသိုလ်ပြုကူညီပေးနေပြီး နောက်ပိုင်းတွင်လည်း ရေလိုအပ်ချက်များရှိပါက ထပ်မံကူညီပေးသွားမည်ဟု မြန်မာနိုင်ငံလူမှုကယ်ဆယ်ရေးအဖွဲ့-မန္တလေးတိုင်းဒေသကြီးကော်မတီမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

လက်ရှိအချိန်တွင် လူမှုကူညီရေးအသင်းများ အနေဖြင့် ရေလိုအပ်ပါက ကူညီနိုင်ရန်အဆင်သင့်ပြင်ဆင်ထားကာ လိုအပ်ပါကဆက်သွယ် အကူအညီပေးနိုင်ရန် ပြင်ဆင်ထားကြောင်း အချို့အသင်းများထံက သိရသည်။ **MT**

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊သန်လျင်မြို့နယ်၊ အမှတ်(၂၁)လက်ယက်စမ်းကျေးရွာအုပ်စု၊ ကွင်းအမှတ်-၆၆၄-A၊ ရာမနီတောင်၊ ဦးပိုင်အမှတ်-၁၈၃/က၊ ဧရိယာ(၀.၁၀)ဧကရှိ မြေကွက်အမည်ပေါက် ဒေါ်အေးမြသန္တာခိုင်[၁၂/သလန(နိုင်)၀၉၉၈၉၅] ပိုင်ဆိုင်သောမြေကွက်ကို အမည်ပေါက်ဖြစ်သူ ဒေါ်အေးမြသန္တာခိုင်မှ တရားဝင်ပိုင်ဆိုင်အကျိုးခံစားလျက်ရှိပြီး ရောင်းချပိုင်ခွင့်ရှိကြောင်းဝန်ခံ၍ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူမှ အပြီးပြတ်ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ရာ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသောစာချုပ်စာတမ်းမူရင်းများဖြင့် ဆက်သွယ်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်မေသကြိန်(LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၅၅၄၄)**
**အမှတ်-၁၂၀/က၊ လက်ဝဲသုန္ဒရလမ်း၊ ၃၂ ရပ်ကွက်**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။**
**၀၉-၄၂၇၄၁၁၁၄၁**

## “ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်”

ရန်ကုန်တိုင်းဒေသကြီး၊ ဒလမြို့နယ်၊ ရဲချောင်းဝကျေးရွာအုပ်စု၊ အမှတ်(၅၁၃)၊ ညောင်ငုတ္တို(တ)၊ ဦးပိုင်အမှတ်-၃/၁၇ဟု ခေါ်တွင်သော အလျား-၂၀ ပေ x အနံ- ၆၀ ပေ (အနောက်ဘက်ခြမ်း)၊ ဒေါ်တင်မျိုးအေး အမည်ပေါက်သော မြေကွက်ကို အဆက်စပ်စာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသော ဒေါ်တင်တင်မော်[၁၂/ဒလန(နိုင်)၀၁၄၇၃၆]က ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ အပြီးအပိုင်လွှဲပြောင်းရောင်းချရန် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်မြင့်မြင့်ငွေး [၁၂/ဒလန(နိုင်)၀၃၅၉၇၅]ထံသို့ စကားကမ်းလှမ်းလာရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူမှလည်း အပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သော ယင်းတန်ဖိုး၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့ရက်မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ထို သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ**
**ဒေါ်မြင့်မြင့်ငွေး**
**၁၂/ဒလန(နိုင်)၀၃၅၉၇၅**

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်အေးအေးထွေး(LL.B)**
**တရားလွှတ်တော်ရှေ့နေ**
**(စဉ်-၁၃၆၇၂/၂၄-၁၀-၁၇)**
**အမှတ်(၈၉၅)၊သုဓိတာလမ်းမကြီး၊ (၂)ရပ်ကွက်**
**မြောက်ဥက္ကလာပမြို့နယ်။**
**ဖုန်း-၀၉ ၂၆၂၉၄၁၆၇၀**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာချက်

ကျွန်ုပ်တို့၏မိတ်ဆွေ ဦးအီဗတိုင်ဟင်(ခ)ဦးတင်ထွန်း [၁၂/ဥကတ(နိုင်)၁၄၀၀၇၈]၏ လွှဲအပ်ချက်အရ အများသိစေရန် ကြေညာအပ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ဗိုလ်မြင့်အောင်လမ်း၊ အမှတ်(ခ/၆၃)ဟု ခေါ်တွင်သော ဦးပိုင်(၄)၊ အကွက် (၂၅၊ ဗိုလ်ချုပ်ရေနံစက်ကွင်း)၊ ဦးလှထွန်း အမည်ပေါက် ဂရန်မြေကွက်၏ (အလျား ၄၀ပေ x အနံ ၆၀ ပေ) အကျယ်ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ တစ်ထပ်တိုက် အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ် အားလုံးကို ဂရန်အမည်ပေါက် ဦးလှထွန်းထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ၁၉၉၃ ခုနှစ်၊ ဖေဖော်ဝါရီလ (၈)ရက်နေ့တွင် အထူးကိုယ်စားလှယ်လွှဲစာဖြင့် ဝယ်ယူလက်ရောက်ပိုင်ဆိုင်ခဲ့ပြီး ယခုအချိန်ထိ လက်ဝယ်ပိုင်ဆိုင်နေထိုင်လျက် ရှိပါသည်။ အမည်ပေါက်ပိုင်ရှင် ဦးလှထွန်းမှာ ယခုအချိန်ထိ သက်ရှိထင်ရှားရှိလျက် ကျွန်ုပ်တို့၏ မိတ်ဆွေအားပေးအပ်ထားသည့် အထူးကိုယ်စားလှယ်လွှဲစာအား ရုပ်သိမ်းထားခြင်းမရှိသေးပါ။ ယခုအခါတွင် ကျွန်ုပ်တို့၏ မိတ်ဆွေမှ ဖော်ပြပါ အိမ်ခြံမြေနှင့် ပတ်သက်၍ ဂရန်အမည်ပြောင်းဆောင်ရွက်ခြင်း၊ အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံ မြေရာဇဝင်ကူးခြင်းများ ပြုလုပ်မည်ဖြစ်သောကြောင့် ကန့် ကွက်လိုသူများ ရှိပါက ကြေညာပါပြီး (၁၄)ရက်အတွင်း အထောက်အထားခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက ဖော်ပြပါကိစ္စရပ်များအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ချက်အရ -**

| | | |
|---|---|---|
| **ဦးကျော်ဇေယျ (LL.B)** | **ဒေါ်သန္တာဆွေ (LL.M)** | **ဒေါ်နော်ဆည်းဇာ (LL.B)** |
| **(စဉ်- ၁၃၁၈၁/၁၇)** | **(စဉ်- ၁၀၄၀၇/၁၅)** | **(စဉ်- ၁၂၆၃၇/၁၇)** |
| **ဒေါ်မြင့်မြင့်သန်း (LL.M)** | | **ဒေါ်ဝေမာနွယ် (LL.B)** |
| **(စဉ်- ၁၃၂၄၀/၁၇)** | | **(စဉ်- ၁၄၇၁၁/၁၈)** |

**တရားလွှတ်တော်ရှေ့နေများ**
**အမှတ်(၉)၊ သိပ္ပံလမ်း၊ အုတ်ဖိုစုရပ်ကွက်၊ သန်လျင်မြို့။**
**ဖုန်း - ၀၉-၄၂၂၂၈၁၁၁၈၊ ၀၉-၄၃၁၈၈၉၈၈**

# ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းတုံမြို့နယ်၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းများ စစ်ဆေး

မိုင်းတုံ မေ ၈

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းတုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေများဖြင့် စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ယနေ့နံနက်ပိုင်းက ခရိုင်ဦးစီးမှူးနှင့် တာဝန်ရှိသူများက မဲကင်ကျေးရွာအုပ်စု နားပါကော်ကျေးရွာ၌ ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာ မိုင်းတုံခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ကျော့ကျော့ခိုင်နှင့် တာဝန်ရှိသူများက နားပါကော်ကျေးရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်း အသင်းသူ အသင်းသားများက အရင်းမပျောက် လည်ပတ်ရန်ပုံငွေများဖြင့် လုပ်ငန်းများဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ကျေးရွာမြစိမ်းရောင်စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့် တွေ့ဆုံကာ လအလိုက်ဖြည့်သွင်းရမည့် ငွေစာရင်းပုံစံများ ပြည့်စုံမှန်ကန်မှုရှိ/မရှိ စစ်ဆေးပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။

နားပါကော်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်မှ အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ်သိန်း ၃၀၀ ဖြင့် စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ အဆိုပါကျေးရွာရှိ အသင်းသူ အသင်းသား ၄၄ ဦးကို နဝမ အကြိမ်မြောက် လည်ပတ်ရန်ပုံငွေကျပ် ၅၄၈ သိန်း ထုတ်ချေးနိုင်ခဲ့ပြီး စီမံကိန်းလုပ်ငန်းများ လည်ပတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ ၂၂၂



## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာချက်

ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက "ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ (၈) ရပ်ကွက်၊ လှည်းတန်းလမ်းမ၊ အမှတ် (၁၀၃) ဟုခေါ်တွင်သောမြေကွက်ပေါ်တွင်ဆောက်လုပ်ထားသော (၂)ခန်းတွဲ၊ (၈)ထပ်တိုက်အဆောက်အဦ၏ အခန်းအမှတ် (3-A)၊ အကျယ်အဝန်း (၁၂ ½ ပေ x ၅၀ ပေ) ကျယ်ဝန်းသောတိုက်ခန်းနှင့်တကွ ၎င်းတိုက်ခန်းတွင် တွယ်ကပ်တပ်ဆင်ထားသော ရေ၊ မီးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို တရားဝင်ပိုင်ဆိုင်အကျိုးခံစားခွင့်ရှိပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူ ဒေါ်ခင်မာလာပုလဲ [၈/ပခက(နိုင်)၀၀၉၇၉၈]ထံမှ ဝယ်ယူရန် တိုက်ခန်းတန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အထက်ပါ အရောင်းအဝယ်ပြုလုပ်သည့်တိုက်ခန်းနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုပါက ပိုင်ဆိုင်မှုအထောက်အထားမူရင်းများနှင့်တကွ (၃)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**

| | |
|---|---|
| **ဒေါ်ဇင်ဝေဝေမြင့် LL.B** | **ဒေါ်မြတ်သီတာလွင် LL.B, D.B.L, D.M.L** |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |
| **(စဉ်–၁၅၀၃၂/၄–၁၂–၂၀၁၈)** | **(စဉ်–၈၃၂၀/၁၃–၉–၂၀၁၂)** |

**အမှတ်–၅၆၃၊ ပထမထပ်၊ အခန်းအမှတ်–၁/၁၀၄၊ MAC တာဝါ၊ ကုန်သည်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

## တိုက်ခန်းအရောင်းအဝယ် ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ပုဇွန်တောင်မြို့နယ်၊ (၂) ရပ်ကွက်၊ နေကြာလမ်း၊ အမှတ်– ၁၂(အေ)၊ မြေညီထပ်ဟု လိပ်စာတွင်သည့် တိုက်ခန်းနှင့်ပတ်သက်၍ လက်ဝယ်ထား အကျိုးခံစားလျက်ရှိကြောင်း မြွက်ဟကြေညာသူ ဦးထွန်းမြင့် [၁၂/ပဘတ (နိုင်) ၀၁၈၄၂၄] နှင့် ဒေါ်မိုးသီတာထွန်း [၁၂/ပဘတ (နိုင်) ၀၁၈၄၂၉] တို့ထံမှ ဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေက တိုက်ခန်းတန်ဖိုး၏ စရန်ငွေ တစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ရာ အဆိုပါ တိုက်ခန်း အရောင်းအဝယ်နှင့် ပတ်သက်၍ ကန့်ကွက်လိုပါက ပိုင်ဆိုင်မှု စာရွက်စာတမ်းမူရင်းနှင့်တကွ ကျွန်ုပ်ထံ ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်သည့် ကာလအတွင်း ကန့်ကွက်မှုတစ်စုံတစ်ရာမရှိပါက ဥပဒေနှင့်အညီ တိုက်ခန်း အရောင်းအဝယ်အား ပြီးဆုံးသည့်တိုင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးသိန်းဇံ – LL.B**
**အထက်တန်းရှေ့နေ (စဉ်–၄၈၈၃၄/၂၆–၅–၂၀၁၇)**
**အမှတ်–၁၅၃၊ (၅–လွှာ/အေ)၊ ဆိပ်ကမ်းသာလမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း–၀၉–၄၂၀၁၂၂၇၅၂**

## အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၀)ရပ်ကွက်၊ (၁၀)လမ်း၊ အမှတ်(၄၁၁) နေ ဒေါ်ဆန်းမမအောင် [၁၂/လကန(နိုင်) ၂၀၂၇၂၈] ကိုင်ဆောင်သူ၏ လွှဲအပ်ချက်အရအောက်ပါအတိုင်း ကြေညာအပ်ပါသည်–

ပဲခူးတိုင်းဒေသကြီး၊ လဖျော်ရိုးကွင်းအပိုင် ဥဿာမြို့သစ်၊ ရပ်ကွက်ကြီး (၈)၊ စာလေးကွင်းကျေးရွာ၊ မြေတိုင်းအမှတ်(၂၄)၊ ဦးပိုင်အမှတ် (၉/၁)(၉/၁)၊ (၆)ကေနီးပါး ကျယ်ဝန်းသော K.K စိန်တစ်လုံးသရက်ခြံ ဥယျာဉ်ခြံမြေသည် ဦးအမောင် အမည်ဖြင့် အခွန်စည်းကြပ်ခံထားရသော မြေဖြစ်ပါသည်။ အထက်ပါ ဥယျာဉ်ခြံမြေသည် ဒေါ်ဆန်းမမအောင်မှလည်း တရားဝင်အမွေဆက်ခံပိုင်ခွင့်ရှိသောမြေဖြစ်သဖြင့် ဒေါ်ဆန်းမမအောင်၏ သဘောတူခွင့်ပြုချက်မရရှိဘဲ မည်သူတစ်ဦးတစ်ယောက်မျှ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းများ မပြုလုပ်ကြရန်နှင့် ထိုသို့ပြုလုပ်ခဲ့သူများရှိပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်သူ** | **လွှဲအပ်ချက်အရ** |
| **ဒေါ်ဆန်းမမအောင်** | **ဦးနေလင်းအောင်** |
| **[၁၂/လကန(နိုင်) ၂၀၂၇၂၈]** | **(တရားလွှတ်တော်ရှေ့နေ၊ စဉ်–၁၁၈၄၃)** |
| | **LL.B, M.A(Business Law),** |
| | **D.B.L. D.I.R, D.P.S** |
| | **အမှတ်(၈၈/၂၀၁)၊ သုခမ္မာလမ်းမကြီး၊** |
| | **(င)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊** |
| | **ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း– ၀၉–၂၅၄၀၆၀၄၁၅** |

## "အများသိစေရန် ကြေညာချက်"

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၅၅)၊ မြေကွက်အမှတ်(၉၅၅) (အလျား ၄၀ပေ x အနံ ၆၀ပေ) အကျယ်ရှိ မြေချပါမစ်အမျိုးအစား မြေကွက်ကြီးအနက်မှ တရားဝင်မခွဲစိတ်ရသေးသော မြေကွက်ကြီး၏မြေကွက်ကိုမျက်နှာမူ၍ကြည့်သော် (ညာခြမ်း) (အလျား ၁၀ပေ x အနံ ၆၀ပေ)အကျယ်ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၅၅)ရပ်ကွက်၊ ဝဏ္ဏဝရီတောရလမ်း၊ အမှတ်(၉၅၅)(ခေါင်းရင်းခြမ်း)ဟု ခေါ်တွင်သော မြေအိမ် အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးနှင့်ပတ်သက်၍ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီတွင် ဗမတင်ဝင်း[၁၃/လလန(နိုင်)၀၁၀၃၂၁] အမည်ပေါက်ကြောင်း၊ရောင်းသူ ဦးရွှေသွေးမောင်[၁၂/မဂဒ(နိုင်)၀၄၉၂၂၈] မှ ဆက်စပ်စာချုပ်စာတမ်းများဖြင့် ဝယ်ယူပိုင်ဆိုင်ကြောင်း ရောင်းချခြင်းဖြင့် စီမံခန့်ခွဲခွင့်ရှိကြောင်း ပြောဆိုကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေ ဦးရဲမင်းအောင် [၁၂/သလန(နိုင်)၀၀၈၈၂၃]မှ အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ ဤပါမစ်မြေနှင့် အိမ်အရောင်းအဝယ်အပေါ် ကန့်ကွက်လိုပါက ဤကြေညာချက်ပါရှိသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုစာချုပ်စာတမ်း(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**

| | |
|---|---|
| **ဦးအောင်မြင့်ထွန်း(LL.B)** | **ဒေါ်ငြိမ်းချမ်းထိုက်(LL.B,DBL,MBL)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်–၁၅၃၈၂)** | **တရားလွှတ်တော်ရှေ့နေ(စဉ်–၁၅၄၀၄)** |

**အမှတ်(၁၅)၊ ဒုတိယထပ်၊ ဘုန်းကြီးလမ်း၊**
**ဈေးကုန်းအနောက်ရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း– ၀၉–၄၂၀၀၆၅၁၆၄၊ ၀၉–၂၆၃၂၈၂၃၈၆**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ (၉၄)ရပ်ကွက်၊ ယုဇနဥယျာဉ်မြို့တော်၊ (C–၂)လမ်း၊ တိုက်အမှတ် (၃၁) ဟုခေါ်တွင်သော (၄)ခန်းတွဲ၊ (၅)ထပ်တိုက်အဆောက်အဦး၏ ပထမထပ်၊ အခန်းအမှတ် (၁၀၂) တိုက်ခန်းနှင့် ယင်းတိုက်ခန်း၏ အကျိုး ခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်စုစုလွင် (MGDN–၀၀၀၃၃၂)ထံမှ အဆက်စပ်စာချုပ်များဖြင့် ဝယ်ယူပိုင်ဆိုင်လျက်ရှိသူ ဦးအောင်မင်းသီဟ [၁၂/သဃက(နိုင်)၁၈၆၈၄၀]မှ အရှုပ်အရှင်းကင်းရှင်းစွာ လက်ဝယ်ရှိပိုင်ဆိုင်ကြောင်းဝန်ခံလျက် ရောင်းချလိုကြောင်း ကမ်းလှမ်းလာရာ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကန့်ကွက်လိုပါက ခိုင်လုံသောစာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံတွင် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်မြင့်သန္တာထွန်း (LL.B) အထက်တန်းရှေ့နေ (စဉ်–၂၄၉၈၁)**
**အမှတ် ၆၄၂၊ ဗညားနွဲ့လမ်း၊ (၃၈) ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း– ၀၉–၇၉၅၈၁၂၃၀၉**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

ရန်ကုန်မြို့နေ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်မို့မို့လွင်[၉/မခန(နိုင်)၀၁၀၄၉၇] ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်းကြေညာအပ်ပါသည်–

ကျွန်ုပ်မိတ်ဆွေသည် ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ ၇/အရှေ့ရပ်ကွက်၊ ရှုခင်းသာမြို့ပတ်လမ်း၊ အမှတ်(၃၂/က) ဟုခေါ်တွင်သော (အလျား ၂၀ ပေ x အနံ ၆၀ ပေ)မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ လူနေအိမ် အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား ပိုင်ဆိုင်ကြောင်း အဆိုပြုလာသူ ဒေါ်သန်းကြည် [၁/မကန(နိုင်)၀၀၀၃၉၃]ထံမှ (၇–၄–၂၀၂၄) ရက်စွဲပါ အိမ်ခြံမြေအရောင်းအဝယ် စရန်ပေးစာချုပ်ဖြင့် စရန်ငွေပေးချေပြီးဖြစ်ရာ အဆိုပါအိမ်ခြံမြေအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ပိုင်ဆိုင်မှုစာချုပ်စာတမ်းအပြည့်အစုံဖြင့် ဤကြော်ငြာစာပါပြီး (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ကန့်ကွက်နိုင်ပါကြောင်း အသိပေးအပ်ပါသည်။ အကယ်၍ (၇)ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အဆိုပါ အိမ်ခြံမြေ အပြီးအပိုင်အရောင်းအဝယ်အား ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးကျော်သူမြင့် (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၉၁၁၁)**
**အမှတ်(၉၈၇)၊ ရတနာပုံ(၁၀)လမ်း၊ ၉/ရပ်ကွက်၊ သာကေတမြို့နယ်။**
**Ph: 09–420010569**

## ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာစာ

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်းမြို့နယ်)၊ မြေတိုင်းရပ်ကွက်အမှတ်–၁၂၃၊ မြေကွက်အမှတ်– ၁၀၄၊ အကျယ်အဝန်း (၄၀x၆၀)ပေရှိ ဦးသန်းမောင်ဆွေ[၁၂/ဒဂန(နိုင်)၀၀၇၃၄၂]အမည်ပေါက် ပါမစ်မြေကွက်အတွင်းမှ(၂၀x၆၀)ပေရှိ ၁၀၈မြေကွက်နှင့် ကပ်လျက်အခြမ်း(မူရင်းအခြမ်း)မြေကွက်နှင့် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့အား ယခုရောင်းချသူ ဦးသိန်းနိုင်ထွန်း[၁၂/ဒဂရ(နိုင်)၀၃၄၂၆၆]ကိုင်ဆောင်သူမှ စာချုပ်အဆက်ဆက်ဖြင့် ဝယ်ယူပိုင်ဆိုင်သည်ဟု အဆိုပြုကာ အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံသဖြင့် အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်နန်းစံခမ်း [၁၃/နမတ(နိုင်)၀၃၆၂၇၈] စရန်ငွေပေးချေပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း တိကျခိုင်လုံသောစာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးမြောက်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ခင်စုစုဖြိုး (LL.B, D.B.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၁၂၅၀၄)**
**အမှတ်–၇၆၁၊ သိန္နီလမ်း၊ ၄၀–ရပ်ကွက်၊ မြောက်ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်၊ မြေတိုင်း(၂၂)၊ ရွှေလင်ပန်းရပ်ကွက်၊ ရွှေစံပယ်(၂)လမ်း၊ အမှတ်–(၁၀၅၈) ဟုခေါ်တွင်သော နေအိမ်လိုင်းခန်း(၁၉)ခန်းအပါ အိမ်ခြံမြေကွက် အကျိုးခံစားခွင့်အားလုံးကို ဒေါ်စီစီစိုး[၁၂/မရက(နိုင်)၁၂၆၈၀၄]မှ စီမံခန့်ခွဲရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုကာ ရောင်းချလိုကြောင်း ကမ်းလှမ်းပြောဆိုသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူဒေါ်အေးမူ [၈/မမန(နိုင်)၁၈၁၅၃၄]မှ အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်ကိစ္စ ရပ်ကို ကန့်ကွက်လိုပါက ဤကြေညာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှု အထောက်အထားမူရင်းများဖြင့် ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ** |
| **ဒေါ်အေးမူ** | **ဒေါ်ခင်ဇာဦး(LL.B)** |
| | **တရားလွှတ်တော်ရှေ့နေ(စဉ်–၉၇၂၆)** |
| | **၀၉–၂၅၀၃၃၁၃၄၁၊** |

## အများသိစေရန်ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ၅၀/ရပ်ကွက်၊ ကုမုဒြာလမ်း၊ အမှတ် (၂၀၃)နေ ဒေါ်ချိုသဲ [၁၄/ဂခမ(နိုင်)၂၁၈၈၀၃]သည် မြေတိုင်းရပ်ကွက်အမှတ်(၅၀)၊ မြေကွက်အမှတ် (၂၀၃) အမည်ပေါက် ဦးရွှေအောင်၊ အကျယ်အဝန်း(၄၀x၆၀)ပေအနက် ခေါင်းရင်းခြမ်း(၂၀x၆၀)၊ မြေကွက်နှင့် (၂)ထပ်၊ RC တိုက်ကို အရပ်စာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ကြောင်း ဝန်ခံ၍ ရောင်းချရန်အဆိုပြုရာ၌ မန္တလေးတိုင်းဒေသကြီး၊ မဲထီးကျေးရွာအုပ်စု၊ ကျောင်းရွာနေကျွန်ုပ်၏မိတ်ဆွေ ဦးစိုးသီဟ[၉/ကပတ(နိုင်)၁၉၃၈၉၅] မှ ဝယ်ယူရန် သဘောတူညီပါသဖြင့် (၃–၄–၂၀၂၄)ရက်နေ့တွင် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေပြီးဖြစ်ပါသဖြင့် မည်သူမဆို ကန့်ကွက်ရန်ရှိပါက (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း ကန့်ကွက်ရန် မရှိပါက အရောင်းအဝယ်အား ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ –**

**ဒေါ်သူဇာဝင်း (LL.B, DBS)**
**အထက်တန်းရှေ့နေ (စဉ်–၅၁၇၇၃/၂၀၁၉ )**
**ရုံး–အမှတ်–၅၉၁၊ ရတနာသီရိလမ်း၊ (ဆ/က) ရပ်ကွက်၊**
**သဃ်္ဃန်းကျွန်းမြို့နယ်။ 09–965555989, 09–421120377**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

ရန်ကုန်တိုင်း ဒေသကြီး၊ ကျောက်တံတားမြို့နယ်၊ (၂)ရပ်ကွက်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ တိုက်အမှတ် (၁၅၈/၁၆၈)၊ အခန်းအမှတ်(၃၂)ကို မူလအမည်ပေါက်ပိုင်ဆိုင်သူဦးလှမြင့် (ကွယ်လွန်) [၁၀/မလမ(နိုင်)၀၂၃၉၂၀] ၏ သား၊ သမီးများ ဖြစ်ကြသော ဒေါ်အေးအေးမြင့် [၁၀/မလမ(နိုင်) ၀၂၃၉၃၅]၊ ဒေါ်သင်းသင်းမြင့် [၁၂/ကတတ (နိုင်) ၀၁၄၅၁၈]၊ ဦးငွေထွန်းမြင့် [၇/ညလပ(နိုင်) ၀၀၂၅၇၉] တို့မှ ဦးလှမြင့် အမည်ဖြင့် ဌာနမှ ထုတ်ပေးထားသော အိမ်ပေါ်တက်ရောက်နေထိုင်ခွင့် အကြောင်းကြားစာ စာရွက်မူရင်းမှာ ပျောက်ဆုံးသွားပါသဖြင့် မိတ္တူမှန် ပြန်လည်ထုတ်ယူခွင့်ပြုပါရန် ဌာနသို့ လျှောက်ထားလာပါသည်။ ထုတ်ပေးရန် မသင့်ကြောင်း ကန့်ကွက်လိုပါက ကြော်ငြာပါသည့်ရက်မှ (၁၄) ရက်အတွင်း စာရွက်စာတမ်း အထောက်အထား ပြည့်စုံစွာဖြင့် တင်ပြ ကန့်ကွက်နိုင်ပါသည်။

**အိမ်ရာဖွံ့ဖြိုးရေးဌာန**
**မြို့ပြနှင့်အိမ်ရာ**
**ဖွံ့ဖြိုးရေးဦးစီးဌာန**

**ဥတုရာသီ**
**တောကို မှီ၏**

## Ministry of Cooperative and Rural Development
## Department of Rural Development
## CALL FOR PROPOSALS FOR SOLAR MINI-GRID PROJECTS

The Department of Rural Development, Ministry of Cooperative and Rural Development is inviting interested companies to submit mini-grid proposals for the following projects at Kathabaung village, Bogale Township and Kan Bet village, Labutta Township in Ayeyarwady Region,

Lot-1: Kathabaung Solar Mini-grid Project (Solar- 177.6 kW(Minimum))

Lot-2: Kan Bet Solar Mini-grid Project (Solar- 202.4 kW(Minimum))

**Submission Deadline: Proposals must be delivered to the address below at 10:00 AM Local Time on 9th May 2024**

Interested companies should visit the DRD Website (https://drdmyanmar.org/) or directly contact the following address for further information:

**Office No.36(B), Department of Rural Development, Naypyitaw,**
**Tel./Fax: +95 673 418635, 418636**
**Email:pl.hq@drdmyanmar.net; drdnepmg@gmail.com;**

**Tender Committee**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ ဒေါပုံမြို့နယ်၊ မြို့သစ်ရပ်ကွက်၊ အောင်သီရိလမ်း၊ အမှတ်–၂၅၅ နေ ဒေါ်သီသီအေး၊ မှတ်ပုံတင်အမှတ် [၂/ဘလခ(နိုင်)၀၀၀၂၇၂]၏သား မောင်ချမ်းမြေ့အောင်[၁၂/ဒပန(နိုင်)၀၅၆၅၆၀]သည် မိခင်၏ပြောဆိုဆုံးမမှုကို မနာခံဘဲ ခွင့်မလွှတ်နိုင်သောအပြုအမူများကြောင့် ရာသက်ပန်သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်းနှင့် နောက်နောင်တွင် မောင်ချမ်းမြေ့အောင်နှင့် ပတ်သက်ဆက်နွှယ်သော ငွေရေးကြေးရေး အရှုပ်အရှင်း၊ လူမှုရေးအရှုပ်အရှင်းပြဿနာများနှင့် အခြားမည်သည့်ကိစ္စရပ်များကိုမှယနေ့မှစ၍ တာဝန်ယူဖြေရှင်းပေးမည် မဟုတ်တော့ပါကြောင်း မောင်ချမ်းမြေ့အောင်နှင့် အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်သီသီအေး [၂/ဘလခ(နိုင်)၀၀၀၂၇၂]**
**ဒေါပုံမြို့နယ်**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ကျွန်ုပ်တို့၏မိတ်ဆွေက ရန်ကုန်တိုင်းဒေသကြီး၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၂၃/သုဝဏ္ဏ)၊ မြေကွက်အမှတ် (၃၃၀)၊ မြေဧရိယာ (၀.၁၆၂)ဧက အကျယ်အဝန်းရှိ နှစ်(၆၀)ဂရန်မြေအမျိုးအစားမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ၂–ထပ်အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြမြေစီမံခန့်ခွဲမှုဌာနတွင် အမည်ပေါက် ပိုင်ဆိုင်သူ ဦးဇာနည်ကြိုင် (ဘ) ဦးရွှေကြိုင် [၁၂/ဒဂန(နိုင်)၀၂၆၈၀၂]၊ အမှတ်(၈)၊ မြလမ်း၊ မြန်မာ့ဂုဏ်ရောင်အိမ်ရာ၊ တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးတွင်နေသူထံမှ ဝယ်ယူရန် စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါမြေနှင့်အဆောက်အဦ အရောင်းအဝယ်ပြုလုပ်သည့်ကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထားများနှင့်တကွ ကျွန်ုပ်တို့ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**

| | |
|---|---|
| **ဒေါ်ခင်ဝင်းမြင့် (B.Sc, PGDL)** | **ဒေါ်ခင်မြတ်သူ (H.G.P,LL.B,D.M.L)** |
| **တရားလွှတ်တော်ရှေ့နေ( စဉ်/၁၆၁၉၆)** | **တရားလွှတ်တော်ရှေ့နေ(စဉ်/၇၅၁၅)** |
| **ဖုန်း ၀၉–၅၁၇၁၄၃၃** | **ဖုန်း ၀၉–၂၅၄၄၈၈၃၃၀** |

**အမှတ် (၁၂၂)၊ ၂/လမ်းတောင်၊ အရှေ့ကြို့ကုန်း၊**
**အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်– အေးသာယာ၊ နှင်းဆီ(၁၂)လမ်း၊ မြေကွက်အမှတ် (M – ၄၄)၊ မြေဧရိယာ(အလျား ၄၀ပေ x အနံ ၆၀ပေ) ရှိ မြေကွက်သည် သန်လျင်မြို့မြေစာရင်းတွင် ဒေါ်နီရာသန်းတင်(EMGI–၁၀၈၉၉၇)[၁၂/သလန(နိုင်)၀၀၃၆၅၄] ၏ အမည်ဖြင့် မှတ်သားတည်ရှိပြီး ယင်းမြေကွက်ထဲမှ တရားဝင် မခွဲစိတ်ရသေးသော ဝဲဘက်ခြမ်း (ခြေရင်းခြမ်း) မြေဧရိယာ (အလျား ၂၀ပေ x အနံ ၆၀ပေ) ရှိမြေကွက်၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား အရပ်ကတိစာချုပ် အဆက်အစပ်ဖြင့် လွှဲပြောင်းဝယ်ယူ ပိုင်ဆိုင်ထားသူ ဦးမြတ်မင်းဟိန်း [၁၂/တမန(နိုင်)၁၀၂၅၂၉] က မိမိတစ်ဦးတည်းသာ တရားဝင်ပိုင်ဆိုင် ရောင်းချပိုင်ခွင့်ရှိပြီး အပေါင်အနှံ အရှုပ်အရှင်း လုံးဝကင်းရှင်းကြောင်း ဝန်ခံကတိပြုပြောဆိုချက်အရ ကျွန်ုပ်၏မိတ်ဆွေ ဦးဟန်လင်းမောင် [၁၂/မရက(နိုင်)၁၅၃၆၁၄]က အထက်ပါမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့အား အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းချသူ ဦးမြတ်မင်းဟိန်း [၁၂/တမန(နိုင်)၁၀၂၅၂၉]ထံသို့ စရန်ငွေများ ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်စပ်လျဉ်း၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ဤကြေညာပါရှိသည့်နေ့ရက်မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားများနှင့်အတူ ကျွန်ုပ်ထံသို့ ရုံးချိန်အတွင်းလာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အဆိုပါ အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဦးဟန်လင်းမောင်၏ လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဒေါ်ဇင်ဇင်နိုင် (LL.B), D.B.L** | **ဦးချစ်စန်းနိုင် ( LL.B )** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်–၁၄၀၉၂)** | **အထက်တန်းရှေ့နေ(စဉ်–၃၉၇၁၄)** |

**အမှတ်(၁၁၄၄)၊ အောင်သုခ(၂၁)လမ်း၊ ၆/အရှေ့ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း–၀၉–၂၅၄၄၈၆၅၅၈၊ ၀၉–၂၅၄၁၁၀၆၈၈**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၃၃/တိုးချဲ့)၊ ပတ္တမြားလမ်း၊ မြေကွက်အမှတ် (၅၉၀)၊ မြေအကျယ်အဝန်း (၁၀ပေx ၆၀ပေ)၊ အလယ်ကွက်ရှိ မြေချပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှု မြေယာဌာနရှိ မြို့မြေစာရင်းတွင် **ဦးစံသိန်း(ISN–၃၂၅၄၇၁)** အမည်ဖြင့် အမည်ပေါက်မှတ်သားတည်ရှိပြီး အမည်ပေါက်ထံမှ **ဦးသောင်း(ISN–၃၂၄၄၅၉)**သည် **"နှစ်ဦးသဘောတူအရောင်းအဝယ်ကတိစာချုပ်"**ဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့ပါသည်။ဖခင်ဖြစ်သူ **ဦးသောင်း**မှာ ကွယ်လွန်သွားပြီဖြစ်သဖြင့် ၎င်း၏အမွေဆက်ခံပိုင်ခွင့်ရှိသူ သားသမီးများဖြစ်ကြသော ၁။ ဦးခင်မောင်ရင်၊ ၂။ ဦးတင်ဝင်း၊ ၃။ ဦးသန်းဌေး၊ ၄။ ဒေါ်သန်းသန်းအေးတို့မှ အမွေဆက်ခံပိုင်ဆိုင်လာပြီး အမွေဆက်ခံပိုင်ဆိုင်သူများထဲမှ **ဒေါ်သန်းသန်းအေး [၁၂/ဒဂမ(နိုင်)၀၀၂၆၇၅]**သည် **"(၁၇–၈–၂၀၀၇)ရက်စွဲပါ မိသားစုအမွေပုံစီမံ ခန့်ခွဲခြင်းဆိုင်ရာ သဘောတူကတိစာချုပ်"**အရ မိမိတစ်ဦးတည်းသာလျှင် တရားဝင် လက်ရှိပိုင်ဆိုင်ကြောင်းနှင့် လွတ်လပ်စွာ ပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ အပြီးအပိုင်လွှဲပြောင်းရောင်းချရန် ကျွန်ုပ်၏မိတ်ဆွေ **ဒေါ်လှလှနွယ် [၁၂/ဥကတ(နိုင်)၁၃၉၇၆၉]**ထံသို့ စကားကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ **ဒေါ်လှလှနွယ်**က အပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သောတန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးမြောက်အောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**

| | |
|---|---|
| **ဒေါ်ယဉ်ယဉ်ကြည်(LL.B)** | **ဒေါ်စုစုလှိုင်(LL.B)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်–၁၁၄၀၆)** | **အထက်တန်းရှေ့နေ (စဉ်–၅၅၅၆၃)** |

**အမှတ်(၅၄၄/ခ)၊ သဒ္ဒါလမ်း(၂၀)၊ (၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**၀၉–၄၃၁၁၄၆၅၄၊ ၀၉–၇၉၅၆၀၁၈၆၃၊ ၀၉–၇၉၆၃၀၈၀၂၁**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

( ခ ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

( ဂ ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ **စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူ တစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

( ခ ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍ မြှင့်တင်ရေး။

( ဂ ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ **လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြှင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

( ခ ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

( ဂ ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ **ပြည်ထောင်စုကြီးငြိမ်းချမ်းရေးအတွက် NCA လမ်းကြောင်းအတိုင်း လျှောက်လှမ်းခြင်းသာလျှင် မိမိတို့အားလုံးမျှော်လင့်ထားသည့် အေးချမ်းသာယာသော နိုင်ငံတော်ကြီးကို တည်ဆောက်နိုင်မည်ဖြစ်ပါသည်။ မိမိတို့နိုင်ငံ၏ ငြိမ်းချမ်းရေးကို ဖော်ဆောင်ရာတွင် ပြည်ပစွက်ဖက်မှုနှင့် ပြည်တွင်းပယောဂကင်းကင်းဖြင့် တိုင်းရင်းသား ညီအစ်ကိုအချင်းချင်း ပြည်ထောင်စုစိတ်ဓာတ်အရင်းခံကာ နိုင်ငံရေးနည်းလမ်းအရ တွေ့ဆုံဆွေးနွေး အဖြေရှာခြင်းဖြင့်သာ အောင်မြင်နိုင်မည်ဖြစ်ပါသည်။ ...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၃ ခုနှစ် ဒီဇင်ဘာလ ၁၅ ရက်နေ့တွင် ကျရောက်သော (၄၉)နှစ်မြောက် ရခိုင်ပြည်နယ်နေ့ အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာမှ ကောက်နုတ်ချက်)

## ကျောင်းသင်ခန်းစာများ ထုတ်လွှင့်ပြသမည်

**နေပြည်တော် ဧပြီ ၈**

၂၀၂၄-၂၀၂၅ ခုနှစ် ပညာသင်နှစ်တွင် ပညာသင်ကြားကြမည့် အခြေခံပညာကျောင်းသား ကျောင်းသူများအနေဖြင့် သင်ခန်းစာများကို ကြိုတင်လေ့လာသင်ယူနိုင်ရန်အတွက် MWD Education,Knowledge & Sports Channel နှင့် ပြန်ကြားရေးဝန်ကြီးဌာန၏ Education Channel တို့တွင် ဧပြီလ ၈ ရက်နေ့မှ မေလ ၃၁ ရက်နေ့ထိ Grade-7 သင်ခန်းစာများကို နံနက် ၇ နာရီ မှ ၇ နာရီခွဲချိန်နှင့် ညနေ ၆ နာရီမှ ၆ နာရီခွဲချိန်တွင် လည်းကောင်း၊ Grade-10 သင်ခန်းစာများကို နံနက် ၈ နာရီမှ ၈ နာရီခွဲချိန်နှင့် ည ၇ နာရီမှ ၇ နာရီခွဲချိန်တွင်လည်းကောင်း နေ့စဉ်ထုတ်လွှင့်ပြသလျက်ရှိကြောင်း မိဘပြည်သူများအား အသိပေးအပ်ပါသည်။ **သတင်းစဉ်**

## ပို့ကုန်တိုးမြှင့်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဧပြီ ၈**

နိုင်ငံတော်အနေဖြင့် နိုင်ငံ့စီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ပို့ကုန်မြှင့်တင်ရေးလုပ်ငန်းများကို အလေးပေးဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ဆူးလေဆိပ်ခံတံတားအမှတ်(၆)(SPW-6)မှ MV. MANTA HATICE သင်္ဘောဖြင့် ပြောင်းဖူးစေ့ တန်ချိန် ၂၅၀၀၀ အား ဖိလစ်ပိုင်နိုင်ငံသို့ လည်းကောင်း၊ TMT ဆိပ်ကမ်းမှ MV. TAY SON-4 သင်္ဘောဖြင့် ပြောင်းဖူးစေ့တန်ချိန် ၁၂၇၀၀ အား ထိုင်းနိုင်ငံသို့ လည်းကောင်း၊ မြန်မာ့စက်မှုဆိပ်ကမ်း(MIP-2) MV. SEIYO HARMONY သင်္ဘောဖြင့် ပြောင်းဖူးစေ့တန်ချိန် ၂၇၅၀၀ အား အိန္ဒိယနိုင်ငံသို့ လည်းကောင်း၊ MHM ဆိပ်ကမ်းမှ MV. MCL – 20 သင်္ဘောဖြင့် ပြောင်းဖူးစေ့ တန်ချိန် ၂၇၀၀ အား ထိုင်းနိုင်ငံသို့ လည်းကောင်း တင်ပို့သွားမည်ဖြစ်သည်။

**စာမျက်နှာ ၁၇ ကော်လံ ၁ သို့ ❖**




**ယနေ့ ဖတ်စရာ**


### အကျဉ်းကျခံနေရသူများကို ပြစ်ဒဏ်လွတ်ငြိမ်းခွင့်တွင် ပါမည်ဆိုကာ ငွေကြေးလိမ်လည်မှုများရှိကြောင်း မဟုတ်မမှန်သတင်းများ ဖော်ပြလျက်ရှိ

စာမျက်နှာ » ၁၄

---

### မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ်ရှိ "လင်းလက်ဝါ" ရွှေပန်းထိမ်ဆိုင်အား လုယက်မှုကျူးလွန်ခဲ့သူ တရားခံ အမျိုးသားခုနစ်ဦးအား ဖော်ထုတ်ဖမ်းဆီးရမိ

စာမျက်နှာ » ၁၅



စပါးအသင်းနှင့် နော့တင်ဟမ်ဖောရက်စ်အသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။

## နော့တင်ဟမ်ဖောရက်စ်အသင်းကို အနိုင်ရပြီး စပါးအသင်း ပရီမီယာလိဂ်အဆင့်(၄)နေရာ တက်လှမ်း

ပရီမီယာလိဂ်ပွဲစဉ်(၃၂)ရဲ့ ဧပြီ ၇ ရက် နောက်ဆုံးပွဲစဉ်အဖြစ် ယှဉ်ပြိုင်ကစားခဲ့တဲ့ စပါးအသင်းနဲ့ နော့တင်ဟမ်ဖောရက်စ်အသင်းတို့ပွဲစဉ်မှာ စပါးအသင်းက နော့တင်ဟမ်ဖောရက်စ်အသင်းကို သုံးဂိုး-တစ်ဂိုးနဲ့ အနိုင်ရရှိခဲ့တာကြောင့် ပရီမီယာလိဂ်အမှတ်ပေးဇယားအဆင့်(၄)နေရာကို တက်လှမ်းခွင့်ရရှိခဲ့ပြီဖြစ်ပါတယ်။

စပါးအသင်းနဲ့ နော့တင်ဟမ်ဖောရက်စ်အသင်းတို့ပွဲစဉ်မှာ စပါးအသင်းဟာ ပွဲကစားချိန် ၁၅ မိနစ်မှာ ရရှိခဲ့တဲ့ ကော်စတာဒွေါဆန်းတို့စ်ရဲ့ ကိုယ့်ဂိုးကိုယ်သွင်းမိသလိုဖြစ်ခဲ့တဲ့သွင်းဂိုး၊ ၅၂ မိနစ်မှာ ဗန်ဒီဗင်ရဲ့ သွင်းဂိုး၊ ၅၈ မိနစ်မှာ ပေါ်ရိုရဲ့သွင်းဂိုးတို့ရရှိခဲ့ပြီး နော့တင်ဟမ်ဖောရက်စ်အသင်းအတွက် ချေပဂိုးတစ်ဂိုးကိုတော့ ပွဲကစားချိန် ၂၇ မိနစ်မှာ ခရစ်ဝုဒ်က သွင်းယူပေးခဲ့တာဖြစ်ပါတယ်။ **စာမျက်နှာ ၁၇ ကော်လံ ၃ သို့ ○**

## အာဆီယံကလပ် ချန်ပီယံရှစ်ပြိုင်ပွဲတွင် မြန်မာအပါအဝင် အသင်းစုစုပေါင်း ၁၄ သင်း ယှဉ်ပြိုင်မည်

**ရန်ကုန် ဧပြီ ၈**

အာဆီယံ ဘောလုံးအဖွဲ့ချုပ်သည် နှစ်ပေါင်းများစွာ ကျင်းပနိုင်ခြင်းမရှိသည့် အာဆီယံကလပ်ချန်ပီယံရှစ်ပြိုင်ပွဲကို ယခုနှစ်တွင် ပြန်လည်ကျင်းပမည်ဖြစ်ပြီး မြန်မာကလပ်အပါအဝင် အသင်းစုစုပေါင်း ၁၄ သင်း ယှဉ်ပြိုင်မည်ဖြစ်သည်။

ယင်းပြိုင်ပွဲတွင် အာဆီယံနိုင်ငံများမှ ကလပ်အသင်းများ ပါဝင်ယှဉ်ပြိုင်မည်ဖြစ်ပြီး အင်ဒိုနီးရှား၊ မလေးရှား၊ ထိုင်းနှင့် ဗီယက်နမ်တို့မှ ကလပ်အသင်း နှစ်သင်းစီ၊ **စာမျက်နှာ ၁၇ ကော်လံ ၁ သို့ ❐**